မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်၊ ၂၀၀၅ ခုနှစ်၊ မတ် ၆ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၂)၊ အမှတ် (၁၅၇)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဂါနာသမ္မတနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၆

၂၀၀၅ခုနှစ် မတ်၆ရက်တွင် ကျရောက်သော ဂါနာသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဂါနာသမ္မတနိုင်ငံ သမ္မတ မစ္စတာဂျွန် အေဂျေကွမ် ကူဖိုးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မှန်ကန်သည့်မူဝါဒနှင့်အညီ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးတည်ဆောက်နိုင်ရေး သွက်လက်ထက်မြက်သောအုပ်ချုပ်ရေးယန္တရားအဆင့်ဆင့် တိုင်းပြည်အတွက်အမှန်တကယ်လိုအပ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ နိုင်ငံတော်မူဝါဒကိုမှန်မှန်ကန်ကန်ကျင့်သုံးဖော်ဆောင်

လုပ်ငန်းကျွမ်းကျင်ရုံမက ပြည်သူကိုအလုပ်အကျွေးပြုလိုစိတ်၊ နိုင်ငံချစ်စိတ်ရှင်သန်နေရန်အမြဲပြုပြင် ဒီမိုကရေစီ၊လူ့အခွင့်အရေးအကြောင်းပြသွေးခွဲပိအားပေးမှု နိုင်ငံတော်၊ပြည်သူနှင့်တပ်မတော်ညီညွတ်မှုဖြင့်ဖယ်ရှား

ရန်ကုန် မတ် ၅

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ယနေ့နံနက်ဧနာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ပြည်နယ်/တိုင်း အုပ်ချုပ်ရေးမှူးများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားသည်။ **(ယာပုံနှင့်အောက်ပုံ)**

စာမျက်နှာ ၈ ကော်လံ ၁ ✻

တက်ညီလက်ညီအင်တိုက်အားတိုက်အလုပ်လုပ်ခဲ့ကြ

နိုင်ငံတော် တည်ငြိမ်အေးချမ်းပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး အခြေခံကောင်းများ ခိုင်ခိုင်မာမာဖြစ်ပေါ်လာခြင်းသည် ဗဟိုမှပုဂ္ဂိုလ်များရော၊ အောက်ခြေအဆင့်ဆင့်မှ တာဝန်ရှိသူများပါ တက်ညီလက်ညီအင်တိုက်အားတိုက် အလုပ်လုပ်ခဲ့ကြ၍ဖြစ်။

နိုင်ငံတော်ပွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ မတ်လ ၆ ရက်)

နိုင်ငံရေး၊ စီးပွားရေး၊လူမှုရေးကဏ္ဍများ အရှိန်အဟုန်မြှင့်ဆောင်ရွက် တိုင်းရင်းသားပြည်သူအားလုံး တက်တက်ကြွကြွ ပူးပေါင်းပါဝင်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများကို တစ်ချိန်တည်း၊တစ်ပြိုင်တည်း ပြုပြင်ပြောင်းလဲ တည်ဆောက်လျက်ရှိသည်။ ယင်းသို့ ပြုပြင်ပြောင်းလဲ တည်ဆောက်ရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံသူ နိုင်ငံသား၊ ပြည်သူများ၏ လူမှုဘဝ ခိုင်မာမြင့်မားစေရေးနှင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးအတွက် ဝါယမစိုက်ထုတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များလိုက်ပါလျက် ဖေဖော်ဝါရီလ ၂၆ရက်နေ့မှ ၂၇ရက်နေ့အထိ မန္တလေးတိုင်းအတွင်းရှိ ဒေသအသီးသီးသို့သွားရောက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးခဲ့သည်။ အဆိုပါခရီးစဉ်အတွင်း ဖေဖော်ဝါရီလ ၂၆ရက်နေ့က မန္တလေးမြို့ မြို့တော်ခန်းမတွင် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ စီးပွားရေး လုပ်ငန်းရှင်များအား နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက မှာကြားရာ၌–

"မိမိတို့ အမျိုးသားရေးရည်မှန်းချက် ပန်းတိုင်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကိုတည်ဆောက်ရာ၌ သာမန်လုပ်ရိုးလုပ်စဉ်သဘောမျိုး လုပ်ကိုင်ဆောင်ရွက်နေ၍ မဖြစ်ကြောင်း၊ ခေတ်တစ်ခေတ်မှ တစ်ခေတ်သို့ စနစ်တကျ ကူးပြောင်းနိုင်ရေးအတွက် ခေတ်ပြောင်းတော်လှန်ရေး လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေရသည်ဆိုသည့် အသိခံယူချက်ဖြင့် မိမိတို့အားလုံး ထက်ထက်မြက်မြက် တက်တက်ကြွကြွ ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း"

ပြောကြားသွားသည်။

နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာ၌ အောင်မြင်မှုရပြီးဖြစ်သည့် ကူးသန်း ရောင်းဝယ်ရေးလုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်စေရန် လုပ်ကိုင်ကြရမည် ဖြစ်သည်။ နယ်စပ်ဒေသ ထွက်ပေါက်များမှတစ်ဆင့် လုပ်ကိုင်ဆောင်ရွက်နေသည့် နယ်စပ်ကုန်သွယ်မှု လုပ်ငန်းများကို ရန်ကုန် ထွက်ပေါက်၌ ကျင့်သုံးဆောင်ရွက်နေသည့် ပုံမှန်ကုန်သွယ်မှုစနစ်မျိုး ပြောင်းလဲကျင့်သုံးနိုင်စေရန် ကြိုးပမ်း ဆောင်ရွက်ကြရမည် ဖြစ်သည်။

စီးပွားရေးလုပ်ငန်းရှင်များသည် ကုန်သွယ်ရောင်းဝယ်ရေးနှင့် စပ်လျဉ်း၍ ကျွမ်းကျင်မှုရှိပြီး ဖြစ်သကဲ့သို့ အကျင့်သိက္ခာ သန္တေကောင်းလည်း ရှိပြီးဖြစ်ကြသည်။ ထို့ကြောင့် မိမိအကျိုးနှင့်အများအကျိုးကို ချင့်ချိန်မျှတစွာဖြင့် မိမိတို့၏ဂုဏ်သိက္ခာကို ပြုစုပျိုးထောင်ထိန်းသိမ်းပြီး ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊ ပုံမှန်ကုန်သွယ်မှု လုပ်ငန်းများကို ကျွမ်းကျွမ်းကျင်ကျင် တိုးချဲ့လုပ်ကိုင်နိုင်စေရန် အားထုတ်ကြိုးပမ်းကြရမည် ဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းများအပိုင်းကလည်း လုပ်ငန်းတာဝန်အလိုက် မိမိတို့အား အပ်နှံထားသည့် အခွင့်အာဏာများကို အလွဲသုံးစားမလုပ်မိစေဘဲ ဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်သွားကြရမည် ဖြစ်သည်။ ထို့အပြင် နိုင်ငံ့ဝန်ထမ်းများသည် ပြည်သူများနှင့် တစ်သားတည်းနေထိုင်ပြီး ပြည်သူတို့အား နည်းလမ်းတကျ၊ စည်းကမ်းတကျ စောင့်ရှောက်ကြရန်နှင့် ပြည်သူများ၏အကျိုးစီးပွားကို မျက်ခြည်မပြတ် ဖော်ဆောင်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများကို နိုင်ငံတော်က အရှိန်အဟုန်မြှင့် တည်ဆောက်နေချိန်တွင် နိုင်ငံ့ဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များသာမက တိုင်းရင်းသားပြည်သူအားလုံးက နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဖြင့် တက်တက်ကြွကြွ ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၆–၃–၂၀၀၅
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"ဝိပ္ပလ္လာသ(၁၂)ပါး"**

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (ဒုတိယနှစ်–စီးပွားရေး) Financial Accounting (ဒုတိယနှစ်–အင်္ဂလိပ်စာ) Structure Study(1)
၄း၄၅ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀ ၆။ အမေးကမ္ဘာတွေးစရာ
၆း၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၈။ နိုင်ငံတကာသတင်း
၆း၂၀ ၉။ မိုးလေဝသသတင်း
၆း၂၅ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၁။ လျှပ်တစ်ပြက်
၇း၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ငယ်ချစ်ဦး"** (အပိုင်း–၁၇)
၈း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၅။ မြန်မာ့ရှုခင်း
၁၆။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၁၇။ English Premier League ဘောလုံးပွဲ Everton Vs Blackburn Rovers

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။
(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမိုတ်မသုန် အကောင်အထည်ဖော်သွားမည်။
(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။
(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။
(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။
(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ ဆရာတော်၊ သံဃာတော်များ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနဝန်ထမ်းမိသားစု ဆွမ်းဆက်ကပ်

ရန်ကုန် မတ် ၅

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၌ သီတင်းသုံးတော်မူကြသော သင်ကြားစီမံဆရာတော်များနှင့် စာသင်သားသံဃာတော်အပါး ၅၂၀ တို့အား သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း ရန်ကုန်တိုင်းပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနဝန်ထမ်းမိသားစုများက တစ်နေ့တာဆွမ်းဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းပဒေသာပင်စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကိုယမန်နေ့ နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မိုးကုတ်ဆွမ်းစားဆောင်၌ကျင်းပရာ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)ဒုတိယနာယကချုပ်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဥတ္တမထံမှ ဝန်ထမ်းမိသားစုများက ငါးပါးသီလခံယူဆောက်တည်ကြပြီး မြန်မာ့သစ်လုပ်ငန်း ရန်ကုန်တိုင်းပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန ဒုတိယအထွေထွေမန်နေဂျာ ဦးဝိန်ဗိုက်နှင့် ဝန်ထမ်းမိသားစုများက ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)တွင် သီတင်းသုံးတော်မူလျက်ရှိကြသော ဆရာတော်သံဃာတော်များအတွက် တစ်နေ့တာ ဆွမ်းအလှူတော်ငွေကျပ် ၄၆၀၀၀၀နှင့် ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် သုံးသိန်းတို့ကို မြန်မာ့သစ်လုပ်ငန်း ရန်ကုန်တိုင်း ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန ဒုတိယအထွေထွေမန်နေဂျာ ဦးဝိန်ဗိုက်နှင့် မန်နေဂျာဦးအေးရွှေတို့က ပေးအပ်လှူဒါန်းကြရာ (**အပေါ်ပုံ**) သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးဦးသိန်းဦးက လက်ခံပြီး သာဓုအနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဒုတိယနာယကချုပ်ဆရာတော်ထံမှ ဝန်ထမ်းမိသားစုများက အနုမောဒနာတရားနာယူကြကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး ဆရာတော်သံဃာတော်များအား မြန်မာ့သစ်လုပ်ငန်း ရန်ကုန်တိုင်းပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနဝန်ထမ်း မိသားစုများက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

(က–ပ)

ကျေးလက်ပြည်သူများ၏ လူမှုရေး၊ စီးပွားရေးအခြေအနေများဖွံ့ဖြိုးတိုးတက်ရေး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ လုံ့လဝီရိယရှိရှိ ပိုမိုကြိုးစားဆောင်ရွက်

ရန်ကုန် မတ် ၅

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဒေါက်တာမင်းအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မတ် ၃ ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့မှ ထွက်ခွာလာရာ နံနက် ၉ နာရီ ၁၅ မိနစ်တွင် ရန်ကုန်တိုင်းနှင့်ပဲခူးတိုင်း နယ်စပ် ရန်ကုန်-ပြည်လမ်း မိုင်တိုင် အမှတ်(၇၀/၆)ရှိ ရီးနင်းချောင်းတံတားသို့ရောက်ရှိကြပြီး ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် တိုင်းမှူး ဗိုလ်ချုပ်ကိုကို လိုက်ပါလျက် ဆက်လက်ထွက်ခွာလာရာ နံနက် ၉နာရီခွဲတွင် သာယာဝတီမြို့နယ် သုံးဆယ်မြို့ရှိ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၉)၏ သုံးဆယ် ရေလှောင်တမံစီမံကိန်း ရှင်းလင်း ဆောင်သို့ ရောက်ရှိကြသည်။

ဖြည့်စွက်ရှင်းလင်း

ယင်းနောက် မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း သာယာဝတီခရိုင် မန်နေဂျာ ဦးရဲမြင့်က သာယာဝတီ ခရိုင်အတွင်းရှိ မြို့နယ်များ၌ နွေစပါးစိုက်ပျိုးရန် လျာထားမှုနှင့် စိုက်ပျိုးပြီးစီးမှု၊ ရာသီကုန်တွင် လျာထားချက်နှင့်အညီ စိုက်ပျိုးရေးနှင့် လျာထားချက်ထက် ဧက ၅၀၀၀ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး စီစဉ်ဆောင်ရွက် ထားရှိမှုအခြေအနေ၊ ဆည်ရေသောက်ဧရိယာများအတွက် ဆည်ရေရရှိမှု အခြေအနေများကို လည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း အထွေထွေ မန်နေဂျာ ဒေါက်တာမင်းအောင်က ပဲခူးတိုင်း အတွင်း နွေစပါးစိုက်ပျိုးရန်အတွက် ကျန်ရှိသော ရာသီကာလတွင် စိုက်ပျိုး သင့်သော သက်တမ်းတို အထွက် ကောင်း စပါးမျိုးသစ်များအသုံးပြုစိုက်ပျိုးရေးနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ပဲခူးတိုင်းအရှေ့ခြမ်း၌ နွေစပါး စိုက်ဧက တစ်သိန်းခွဲ၊ အနောက်ခြမ်း၌ နွေစပါးစိုက်ဧကတစ်သိန်းခွဲ စုစုပေါင်း ပဲခူးတိုင်းအနေဖြင့် နွေစပါးစိုက်ဧက သုံးသိန်းစိုက်ပျိုးရန် လျာထားကြောင်း၊ ယခုအခါ ပဲခူးတိုင်း အရှေ့ခြမ်း၌ စိုက်ဧက ၁၄၀၀၀၀ ကျော်နှင့် အနောက်ခြမ်း၌ စိုက်ဧက ၁၂၀၀၀၀ ကျော်စိုက်ပျိုးနိုင်ပြီး စိုက်ဧကသုံးသောင်းခွဲခန့် စိုက်ပျိုးရန် ကျန်ရှိနေသေးကြောင်း၊ မြေအနေအထားနှင့် ဆည်ရေရရှိမှု အနေအထားအရပဲခူးတိုင်း(အနောက်) အနေဖြင့် တစ်တိုင်းလုံးအတွက် စိုက်ပျိုးရန် ကျန်ရှိသည့် စိုက်ဧကများကို ရာသီကုန်တွင် အပြည့်အဝ စိုက်ပျိုးရေးနှင့် သာယာဝတီခရိုင်နှင့် ပြည်ခရိုင်တို့၌ လျာထားချက်ထက် ဧက ၅၀၀၀စီ စုစုပေါင်းဧက ၁၀၀၀၀ပိုမို စိုက်ပျိုးရေး တာဝန်ရှိသူများအား ဆွေးနွေးညှိနှိုင်းမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကို နှင့်အဖွဲ့ဝင်များသည် လက်ပံတန်း မြို့နယ် ချမ်းသာကုန်းအုပ်စု တောင်သူ ပညာပေး သင်တန်းစခန်းရှေ့ရှိ ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ လက်ပံတန်းမြို့နယ် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်သိန်းက ကံတင်ဘီးလင်းနှင့် သဲကောဆည် ရေအပါအဝင် ရေရရှိရေးနည်း လမ်းအလိုက် ကျေးရွာအုပ်စုပေါင်း (၁၇) အုပ်စု၏ နွေစပါးစိုက်ပျိုးမှု အခြေအနေ၊ နွေစပါးစိုက်ပျိုးရန် လျာထားဧက ၁၂၇၀၀ ထက် ၂၁ ဧကပို၍ ၁၂၇၂၁ ဧက စိုက်ပျိုးပြီးစီးမှု အခြေအနေနှင့် ရာသီကုန်တွင် ၁၂၅၁ ဧက ထပ်မံပိုမို၍ ၁၃၉၇၂ ဧကအထိ တိုးချဲ့စိုက်ပျိုးမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများနှင့် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုအားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဒေသခံတောင်သူ လယ်သမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီးအားပေးစကား ပြောကြားကာ တောင်သူ ဦးနိုင်ဝင်း၏ စံပြ စိုက်ခင်း ခုနစ်ဧက၌ သဘာဝမြေဩဇာ ကြဲပက်နေမှုများကို ကြည့်ရှုအားပေး သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကို နှင့်အဖွဲ့ဝင်များသည် လက်ပံတန်း မြို့နယ် မကျီးကွင်းစခန်းရှိ ကံတင် ဘီးလင်း ရေလှောင်တမံ၊ လက်ဝဲ မြောင်းမကြီးကားလမ်းဖြတ်ရေငုပ်ပြွန် တည်ဆောက်ခြင်း လုပ်ငန်းခွင်သို့ ရောက်ရှိပြီး ကားလမ်းဖြတ်ရေငုပ် ပြွန်နှင့် လက်ဝဲမြောင်းမကြီးကို ကြည့်ရှု စစ်ဆေးသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကို နှင့် အဖွဲ့ဝင်များသည် အုတ်ဖိုမြို့နယ် အုတ်ဖို-တိမ်ညွှန့်လမ်းရှိ သဖန်းပင် ဆိပ်တံတားသို့ ရောက်ရှိကြရာတာဝန် ရှိသူများ၏ ရှင်းလင်းတင်ပြချက် အပေါ် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင် သန်းက လမ်းနှင့်တံတား အရှည် တည်တံ့ခိုင်မြဲရေးနှင့် ရာသီမရွေးသွား လာနိုင်ရေးအတွက် တာဝန်ရှိသူအဆင့် ဆင့်တို့က အမြဲမပြတ် ကြပ်မတ် ဆောင်ရွက်ကြရန် လိုအပ်သကဲ့သို့ ကျေးရွာ ပြည်သူများကလည်း လိုက်နာဆောင်ရွက်ကြရန်လိုကြောင်း၊ လမ်းကော်မတီဖွဲ့စည်း၍ ကျောက် ချောလမ်းဖြစ်သည်အထိ တိုးချဲ့ဆောင် ရွက်ကြရန်နှင့် ကျေးရွာနေပြည်သူများ သွားလာမှု လွယ်ကူအဆင်ပြေချောမွေ့ စေရေးအတွက် ယာဉ်လိုင်းစီစဉ်ဆောင် ရွက်ပေးဆဲရန် တာဝန်ရှိသူများအား မှာကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင် များသည် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် အုတ်ဖိုမြို့နယ် နယ်မြေခံတပ်ရင်းသို့ ရောက်ရှိကြပြီး နယ်မြေခံ တပ်ရင်း ခန်းမ၌ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံမှာကြား ပြီး တပ်မတော်သားများနှင့် မိသားစု ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက် သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊တိုင်းမှူး ဗိုလ်ချုပ်ကိုကို နှင့် အဖွဲ့ဝင်များသည် နတ်တလင်း မြို့နယ် နွေစပါးဧက ၇၀၀၀ ကျော် တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထား သည့် စံပြစိုက်ခင်းကွင်း အမှတ် (၂၅၉) ရှိ ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက နွေစပါးလျာထားချက်နှင့်အညီ စိုက်ပျိုး ရန် ကျန်ရှိသော လယ်မြေများကို အချိန်နှင့်တစ်ပြေးညီ ကြိုးစားဆောင် ရွက် စိုက်ပျိုးကြရန် တာဝန်ရှိသူများ အား မှာကြားသည်။

ပိုမိုကြိုးစားစိုက်ပျိုး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကို နှင့်အဖွဲ့ဝင်များသည် ဒေသခံတောင်သူ များအား ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ် ဆက်ပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင် သန်းက ကျေးလက်နေ ပြည်သူများ လူမှုရေး၊ စီးပွားရေး အခြေအနေများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံတော် ကကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း စဉ်(၅)ရပ်ချမှတ်ပြီး အကောင်အထည် ဖော်ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံ တော်၏ အစီအမံများနှင့်အညီ မိမိ ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို လုံ့လဝီရိယရှိစွာဖြင့် ယခုထက် ပိုမို ကြိုးစားစိုက်ပျိုးကြစေလိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကို နှင့် အဖွဲ့ဝင်များသည် ရန်ကုန်-ပြည်လမ်း ဝဲယာတစ်လျှောက်ရှိ စိုက် ပျိုးဖြစ်ထွန်းနေသော နွေစပါးခင်းများ နှင့် ပျိုးထောင်ထားရှိမှုများကို မော် တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေး ကြပြီး ဆက်လက်ထွက်ခွာလာရာ ညနေပိုင်းတွင် ပြည်မြို့သို့ ရောက်ရှိကြ သည်။ **(သတင်းစဉ်)**

နည်းနည်းလေးမှမလိုချင်

* သူတို့အကြိုက်၊ တစိုက်မတ်မတ်
မပြတ်လိုက်နာ၊ ပြုလုပ်ပါက
ဘယ်ဝါဘယ်သူ၊ ဘယ်လိုမူသုံး
ကျင့်ထုံးပုံဟန်၊ လူမဆန်လည်း
နှုန်းစံပြည့်ဝ၊ ဘဝပြည့်စုံ
ကုံလုံအောင်ပေး၊ လူ့ခွင့်ရေးဟု
မနှေးသတ်မှတ်၊ သိမှတ်ပြုကာ
ကမ္ဘာကြော်ကြွေး
ကြေညာပေးမှာ၊ ဒို့သိပါ၏။

* သူ့တို့စံနှုန်း၊ လုံးလုံးမမီ
မြန်မာပြည်ဟု၊ လီလီခါခါ
ပြောနေပါလည်း၊ ချုပ်ခြာပေးအပ်
ကျွန်ဇာတ်ကိုဝင်၊ ကျွန်ပုံမြင်မှ
အားရကျေနပ်၊ သိမှတ်ပြုပေး
လူ့အခွင့်ရေးကို
နည်းနည်းလေးမှမလိုချင်။ ။

ပုံ့လွှား

(လူ့အခွင့်အရေးကိုဗန်းပြကာ ကိုယ်ကျိုးရှာနေသူများသို့)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် လုပ်ငန်းစဉ်များဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၅

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ စစ်ကိုင်းတိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဗဟိုသင်တန်းသား ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွှန့်နှင့် ပြည်နယ်နှင့်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများမှ ကိုယ်စားလှယ်များ၏ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် လုပ်ငန်းစဉ်များဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို မတ်၃ရက် ညနေ၃နာရီက တက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီဝင် ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှကြည်၊ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးကြီးဇော်မင်းသိန်း၊ ဒုတိယပါမောက္ခချုပ် (စီမံ) ဒုတိယဗိုလ်မှူးကြီး ညီညီစံ၊ ဒုတိယပါမောက္ခချုပ် (သင်ကြားရေး) ဒေါ်ခင်စီစီနှင့် တာဝန် ရှိသူများ၊ ပြည်နယ်နှင့်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆွေးနွေးညှိနှိုင်း

အစည်းအဝေးတွင် တက္ကသိုလ်၏ လေ့ကျင့်သင်ကြားရေး၊ သင်တန်းသားရွေးချယ်ရေးနှင့် အုပ်ချုပ်မှုကိစ္စများကို ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ကြပြီး အစည်းအဝေးကို ညနေ ၄ နာရီတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ၂၄ ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကျန်းမာရေး ဦးစီးဌာနတို့ ပူးပေါင်း၍ အဠမနှစ်အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်အကြို လှုပ်ရှားမှုအဖြစ် ပညာပေးဟောပြောပွဲကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်တင်တင်စန်း ပညာပေးဟောပြောစဉ်။ (က-ပ)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အာဆီယံနိုင်ငံများနှင့် မလေးရှားနိုင်ငံတို့ ကုန်သွယ်မှု လာမည့်နှစ်များအတွင်း ဆက်လက် တိုးတက်မည်ဟု ခန့်မှန်း

ကွာလာလမ်ပူ မတ် ၃

အာဆီယံနိုင်ငံများနှင့် မလေးရှားနိုင်ငံ၏ ကုန်သွယ်ရေးသည် အာဆီယံလွတ်လပ်သော ကုန်သွယ်ရေးဒေသ(အက်ဖ်တာ)တိုးတက်ဆောင်ရွက်မှုအောက်တွင် လာမည့်နှစ်များအတွင်း ဆက်လက်တိုးတက်လိမ့်မည်ဖြစ်ကြောင်း ဝါရင့်တာဝန်ရှိသူတစ်ဦးက ဗုဒ္ဓဟူးနေ့တွင် ခန့်မှန်းပြောကြားလိုက်သည်။

အာဆီယံနှင့် မလေးရှားနိုင်ငံ၏ ကုန်သွယ်မှုကို ခြုံငုံကြည့်ရာတွင် ၂၀၀၁ခုနှစ်က ၂၂၃သမ ၈ရာခိုင်နှုန်း၊ ၂၀၀၂ခုနှစ်က ၂၄ ဒသမ ၇ရာခိုင်နှုန်း၊ ၂၀၀၄ခုနှစ်က ၂၃ ဒသမ ၅ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း မလေးရှားကုန်သွယ်ရေးနှင့် စက်မှုဒုတိယဝန်ကြီး အာမက်ဟုစ်နီဟာနာဒက်က ကွာလာလမ်ပူ၌ ပြုလုပ်သည့် အက်ဖ်တာအစည်းအဝေးတွင် ပြောကြားသည်။

ကျယ်ပြန့်လာနိုင်

အာဆီယံသည် လူဦးရေသန်း ၅၃၀ကျော် ပေါင်းစပ်မှုနှင့်အတူ ၂၀၀၃ခုနှစ် က ဂျီဒီပီ ပမာဏ အမေရိကန်ဒေါ်လာ ၆၈၅ဒသမ ၉ဘီလီယံရှိကြောင်း၊ မလေးရှားထုတ်ကုန်ဈေးကွက်များ အနာဂတ်တွင် ကျယ်ပြန့်လာနိုင်ကြောင်း အာမက်ဟုစ်နီက ပြောကြားသည်။ ၂၀၀၄ခုနှစ်တွင် အာဆီယံနိုင်ငံများနှင့် မလေးရှားနိုင်ငံ၏ ကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၅၆ ဒသမ ၈၉ ဘီလီယံရှိကြောင်း၊ မလေးရှားနိုင်ငံ၏ ကမ္ဘာတစ်ဝန်း ကုန်သွယ်ရေး၏ ၂၃ ဒသမ ၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကီယက်ဗ်လေဆိပ်၌ ယူရေနီယံများတွေ့ရှိ အမျိုးသားတစ်ဦးအား လုံခြုံရေးများက ဖမ်းဆီး

ကီယက်ဗ် မတ် ၃

ယူကရိန်းနိုင်ငံကီယက်ဗ်မြို့ လေဆိပ်တွင် ယူကရိန်း လုံခြုံရေးဝန်ထမ်းများက မော်တော်ယာဉ်တစ်စီး အတွင်းမှ ရေဒီယိုသတ္တိကြွ ယူရေနီယံ ၂၃၈ ကို ရှာဖွေတွေ့ရှိခဲ့မှုကြောင့် ယင်းမော်တော်ယာဉ်ပိုင်ရှင် အမျိုးသား တစ်ဦးအား ဖမ်းဆီးလိုက်ကြောင်း ယူကရိန်းနိုင်ငံ အရေးအပေါ် ဝန်ကြီးဌာနက အင်္ဂါနေ့တွင် သတင်းထုတ်ပြန်သည်။

ကီယက်ဗ်မြို့ရှိ ဘိုရီစပယ်လ် နိုင်ငံတကာလေဆိပ်တွင် ယူရေနီယံ ၅၈၂ ဂရမ်နှင့်အတူ အမျိုးသားတစ်ဦးအား ဖမ်းဆီးလိုက်ကြောင်း အဆိုပါဝန်ကြီးဌာနက ပြောကြားသည်။

ယင်းအမျိုးသားအား မည်သည့်အချိန်တွင် ဖမ်းဆီးမှုနှင့် မည်သည့်နေရာမှ ယင်းပစ္စည်းများယူဆောင်ခဲ့သည် ဆိုခြင်း ကိုမူ အဆိုပါဝန်ကြီးဌာနက ပြောကြားခြင်းမရှိပေ။ ထို့အပြင် ထိုအမျိုးသားသည် ယူရေနီယံများနှင့်အတူ နိုင်ငံမှ ထွက်ခွာရန် ကြိုးပမ်းခြင်းလားဆိုသည်ကိုလည်း ပြောကြားခြင်းမရှိကြောင်း သိရသည်။

ထိုယူရေနီယံပစ္စည်းများ သိမ်းဆည်းရမိမှုနှင့်ပတ်သက်၍ အဆိုပါဝန်ကြီးဌာနက အထူးစုံစမ်းစစ်ဆေးမှု ပြုလုပ်မည်ဖြစ်သည်။

ယူရေနီယံ ၂၃၈ သည် နျူကလီးယားဗုံးပြုလုပ်ရာတွင် အသုံးပြုနိုင်သော်လည်း လက်နက်ခဲယမ်းများတွင် မကြာခဏ အသုံးပြုထားခဲ့သဖြင့် အားပျော့နေသည့် ယူရေနီယံများ ဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ရိုက်တာ**

အင်ဒိုနီးရှားနိုင်ငံ၏ နာတူနာ ပင်လယ်မှ သဘာဝဓာတ်ငွေ့များကို စင်ကာပူကမ်းလွန်ရှိ ဂျူရောင်ကျွန်းပေါ်တွင် ဓာတ်ငွေ့ ပိုက်လိုင်းများဖြင့် သွယ်ယူနေသည်ကို မတ် ၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မန်ချက်စတာလေဆိပ်၌ လေယာဉ်တစ်စင်း မီးလောင် ခရီးသည် ၃၀၀ကျော် အသက်ဘေးမှ လွတ်မြောက်

လန်ဒန် မတ် ၃

ပါကစ္စတန်နိုင်ငံတကာလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းသည် အင်္ဂလန်နိုင်ငံ အနောက်မြောက်ပိုင်း မန်ချက်စတာလေဆိပ်၌ အင်္ဂါနေ့က မီးလောင်ကျွမ်းခဲ့ရာ ခရီးသည်ပေါင်း ၃၀၀ကျော် အရေးပေါ် ထွက်ပေါက်မှ ထွက်ပြေးလွတ်မြောက်ခဲ့သည်ဟု ဆိုသည်။

ကရာချိမှ ခရီးသည် ၃၄၀ တင်ဆောင်၍ ပျံသန်းလာသော ဘိုးရင်း 777 သည် ဒေသစံတော်ချိန် ၀၉း၀၃ နာရီတွင် လေယာဉ်ဆင်းဘီးကိုအတင်အချပြုလုပ်သော စက်ယန္တရားအစုအတွင်း ပြေးလမ်းပေါ်တွင် မီးလောင်မှုဖြစ်ပေါ်ခဲ့သည်ဟု လေဆိပ်ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

ငြိမ်းသတ်

ယင်းစက်ယန္တရားအတွင်း လောင်ကျွမ်းနေသော မီးကို အမှတ်(၁) မှတ်တိုင်အနီး လေယာဉ်ကိုရပ်တန့်စေပြီး လေဆိပ်မီးသတ်တပ်ဖွဲ့ဝင်များက ငြိမ်းသတ်ခဲ့သည်ဟု ဆိုသည်။

ယုံကြည်

၎င်းလေယာဉ်အား မီးသတ်တပ်ဖွဲ့ဝင်များက တက်ရောက်စစ်ဆေးရာ မီးစတင်လောင်ကျွမ်းသည့် အထောက်အထား မတွေ့ခဲ့ရဟုဆိုသည်။ သို့ရာတွင် ယင်းလေယာဉ်ဘီးအတင်အချပြုလုပ်သော စက်ယန္တရားအတွင်း အပူရှိန်လွန်ကဲမှုကြောင့် မီးလောင်ကျွမ်းခဲ့သည်ဟု ယုံကြည်ရကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အာချေး၌ ဆေးဝါးကုသရေးဌာန ၂၅ ခု ထူထောင်ရန် အာရပ်စော်ဘွားများနိုင်ငံ လခြမ်းနီအဖွဲ့က ကူညီသွားမည်

အဘူဒါဘီ မတ် ၃

ဆူနာမီဒဏ်ခံရသော အင်ဒိုနီးရှားနိုင်ငံ အာချေးဒေသတွင် အမျိုးသမီးများနှင့် ကလေးငယ်များအတွက် ဆေးဝါးကုသရေးဌာန ၂၅ ခု ထူထောင်ရန် အာရပ်စော်ဘွားများနိုင်ငံ (ယူအေအီး)၏ လခြမ်းနီအဖွဲ့(အာရ်စီအေ)က အကူအညီပေးသွားမည်ဖြစ်ကြောင်း တရားဝင် ဝမ်သတင်းဌာနက ဗုဒ္ဓဟူးနေ့၌ သတင်းဖော်ပြသည်။

အဆိုပါ ဆေးဝါးကုသရေးဌာနများ ဆောက်လုပ်ရေးစီမံချက်အတွက် ဂျကာတာမှ ကုလသမဂ္ဂ နိုင်ငံတကာဆိုင်ရာ ကလေးများအရေးပေါ် ရန်ပုံငွေအဖွဲ့ (ယူနီဆက်) အရာရှိများနှင့် အာရ်စီအေကယ်ဆယ်ရေးနှင့် အရေးပေါ်ဌာန ညွှန်ကြားရေးမှူးတို့ ဆွေးနွေးခဲ့ကြသည်။

မျှော်လင့်

အဆိုပါအစီအစဉ်၏ အကျိုးကျေးဇူးကို ထောင်ပေါင်းများစွာသော အမျိုးသမီးများနှင့် ကလေးများရရှိမည်ဟု မျှော်လင့်ကြောင်း ယူနီဆက်အရာရှိ ယန်ယန်ညျူက ပြောကြားသည်။

ဆေးဝါးကုသရေးဌာနအသီးသီးတွင် ကိုယ်ဝန်ဆောင် အမျိုးသမီးများ၊ နို့တိုက်မိခင်များနှင့် ၎င်းတို့၏ ကလေးငယ်များအတွက် ဆေးပေးခန်းတစ်ခုစီ ရှိမည်ဖြစ်သည်ဟု အာရ်စီအေက ပြောကြားသည်။

ထိုးပေးမည်

အဆိုပါ ဆေးခန်းများသည် ကလေးငယ်များအား ပိုလီယိုအကြောသေ ကာကွယ်ဆေးများအပြင် ကူးစက်ရောဂါကာကွယ်ဆေးများကို ထိုးပေးမည်ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်စစ်ဆေးရေးစခန်း၌ အသေခံကားဗုံးပေါက်ကွဲ အီရတ်တပ်ဖွဲ့ဝင် သုံးဦးသေဆုံး၊ ခုနစ်ဦးဒဏ်ရာရ

ဘဂ္ဂဒက် မတ် ၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တောင် ပိုင်းရှိ အီရတ်တပ်ဖွဲ့၏ စစ်ဆေးရေးစခန်းတစ်ခုတွင် ဒုတိယအသေခံ ကားဗုံးတစ်လုံး ဗုဒ္ဓဟူးနေ့က ပေါက်ကွဲခဲ့ရာ တပ်ဖွဲ့ဝင်သုံးဦးသေဆုံးပြီး အခြားခုနစ်ဦး ဒဏ်ရာရရှိကြောင်း အီရတ်စစ်ဘက်အရာရှိတစ်ဦးက ပြောကြားသည်။

အီရတ်တပ်ဖွဲ့ဝင်များ တာဝန်ယူထားသော စစ်ဆေးရေးစခန်းအတွင်းသို့ ဖောက်ခွဲရေးပစ္စည်းများ တင်ထားသည့်ကားတစ်စီးကို အသေ ခံဗုံးခွဲသူတစ်ဦးက အတင်းမောင်းဝင်ပြီး ဗုံးဖောက်ခွဲခဲ့သဖြင့် မိမိ၏တပ်ဖွဲ့ဝင် သုံးဦးသေဆုံးပြီး အခြားခုနစ်ဦးဒဏ်ရာရခဲ့ကြောင်း အီရတ်စစ်ဘက်အရာရှိ ဟေဒါအဗ္ဗဒူအမီယာက ပြောကြားသည်။

တိုက်ခိုက်ခံရ

ယင်းသို့ အသေခံဗုံးဖောက်ခွဲမှု မဖြစ်မီအဆိုပါ စစ်ဆေးရေးစခန်းသည် သဲသဲမဲမဲတိုက်ခိုက်ခြင်းခံခဲ့ရကြောင်း အမီယာက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဘဂ္ဂဒက်မြို့ ကာရာဒါအရပ်တွင် ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို မတ် ၃ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်၌ အမေရိကန်တပ်ဖွဲ့ဝင်များ အကျဉ်းသားများကို ညှဉ်းပန်းနှိပ်စက်ခဲ့မှု ကန်ကာကွယ်ရေးဝန်ကြီးအား လူ့အခွင့်အရေးဆိုင်ရာ ရှေ့နေများက တရားစွဲဆိုမည်

ဝါရှင်တန် မတ် ၃

အီရတ်နိုင်ငံတွင် ဖမ်းဆီးထားခြင်းခံရစဉ် ညှဉ်းပန်းနှိပ်စက်ခံခဲ့ရသည်ဆိုသော လူရှစ်ဦးကို ကိုယ်စားပြုသည့် လူ့အခွင့်အရေးဆိုင်ရာရှေ့နေများက အမေရိကန်ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစ်ဖဲလ်အား ပြည်ထောင်စုတရားရုံးတွင် အင်္ဂါနေ့၌ တရားစွဲဆိုကြမည်ဖြစ်သည်ဟု အဆိုပါအမှုနှင့် အကျွမ်းတဝင်ရှိသော သတင်းရပ်ကွက်များက ပြောကြားသည်။

ကမ္ဘာတစ်ဝန်းမှ ပြစ်တင်ရှုတ်ချထားသည့် စစ်သုံ့ပန်းများအပေါ် အမေရိကန်ပြည်ထောင်စု၏ ညှဉ်းပန်းနှိပ်စက်မှုအရှုပ်အထွေးတွင် ယခုကဲ့သို့ အမေရိကန် ကာကွယ်ရေးဝန်ကြီးအား တရားစွဲဆိုရန် ပြုလုပ်ခြင်းသည် နောက်ဆုံးဖြစ်ပေါ်မှု အခြေအနေဖြစ်သည်။ အဆိုပါအမှုတွဲကို အမေရိကန်ပြည်သူ့လွတ်လပ်မှုသမဂ္ဂနှင့် လူ့အခွင့်အရေးအဖွဲ့အစည်းတို့က အမေရိကန်ခရိုင် တရားရုံးသို့ တင်သွင်းတရားစွဲဆိုမည်ဖြစ်သည်။ အသေးစိတ်ကိုကြေညာရန် အင်္ဂါနေ့ညပိုင်းတွင် အဆိုပါအုပ်စုနှစ်စုက သတင်းစာရှင်းပွဲ ပြုလုပ်မည်ဖြစ်သည်။

အမှုတင်သွင်းတရားစွဲဆိုရာတွင် မည်သူကို တရားစွဲမည်ကို ယင်းအုပ်စုနှစ်စုကမဖော်ပြသော်လည်း အမှုနှင့်အကျွမ်းတဝင်ရှိသော သတင်းရပ်ကွက်များက ရမ်းစ်ဖဲလ်ဖြစ်ကြောင်း ပြောဆိုခဲ့ကြသည်။ ရမ်းစ်ဖဲလ် ပါဝင်သော အကျဉ်းသားများအား မတရားနှိပ်စက်မှုနှင့် စပ်လျဉ်း၍ ယခုစွဲဆိုမည့်အမှုတွဲသည် ပထမဆုံးအမှုတွဲ မဟုတ်ဟုဆိုသည်။ အမေရိကန်လူ့အခွင့်အရေး ရှေ့နေများသည် ဂျာမနီပြည်ထောင်စုရှေ့နေက ရမ်းစ်ဖဲလ်အပေါ် စွဲဆိုထားသော ရာဇဝတ်မှုကို နိုဝင်ဘာလထဲ၌ တရားရုံးတွင် အမှုတွဲဖွင့်ပြီး တရားစွဲဆိုခဲ့သည်။

ဂျာမနီပြည်ထောင်စုရှေ့နေက ရမ်းစ်ဖဲလ်နှင့် စီအိုင်အေညွှန်ကြားရေးမှူးဟောင်း ဂျော့ချ်တီနက်အပြင် အခြားအဆင့်မြင့် အရာရှိများသည် အဘူဂါရိပ်အကျဉ်းစခန်း၌ အကျဉ်းသားများမတရားနှိပ်စက်မှုအတွက် တာဝန်ရှိကြောင်း စွဲဆိုခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

စည်းကမ်းရှိသည့် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရာ၌ မီဒီယာများ၏ အခန်းကဏ္ဍအလွန်အရေးပါ ကျင့်ဝတ်သိက္ခာမစောင့်စည်းသည့် မီဒီယာများနှင့် ပတ်သက်ပြီး ဥပဒေများထားရှိသင့်ကြောင်းအကြံပြု

ကျော်ဖုံးမှ

၉။ မိခင်နှင့်ကလေးစောင့်ရှောက်ရေး၊
၁၀။ ကြက်ခြေနီအသင်း၊
၁၁။ အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်စသည်တို့ တုပရောနှော ထုတ်လုပ်ရောင်းချခြင်းမှကာကွယ်ရေး၊
၁၂။ ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးများ၊ မသန်မစွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ အခြေအနေမဲ့များအား စောင့်ရှောက်ရေး၊
၁၃။ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကိစ္စရပ်များ၊
၁၄။ မီးသတ်တပ်ဖွဲ့၊
၁၅။ အလုပ်လုပ်ချိန်၊ နားချိန်၊ အလုပ်ပိတ်ရက်များ၊
၁၆။ ဝါဏိဇ္ဇပဋိပက္ခ၊
၁၇။ လူမှုဖူလုံရေး၊
၁၈။ အလုပ်သမားအဖွဲ့အစည်းများ၊
၁၉။ ပြည်ထောင်စုက စီမံခန့်ခွဲသည့်–
(က) ရှေးဟောင်းယဉ်ကျေးမှု သို့မဟုတ် သမိုင်းဝင်ဒေသများ၊ အဆောက်အအုံများ၊ အထိမ်းအမှတ်များ၊ မှတ်တမ်းများ၊ ကျောက်စာများ၊ လက်ရာများ၊ ရုပ်ဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းသုတေသနလုပ်ငန်းများ၊
(ခ) ပြတိုက်များ၊ စာကြည့်တိုက်များ၊
၂၀။ စာပေ၊ သဘင်၊ ဂီတ၊ ရိုးရာပန်း၊ ရုပ်ရှင်၊ ဗီဒီယို"နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင်–

" ၁။ ပြည်ထောင်စုကချမှတ်ထားသည့် တိုင်းရင်းဆေးဆိုင်ရာ မူဝါဒများနှင့် မဆန့်ကျင်သော တိုင်းရင်းဆေးဆိုင်ရာကိစ္စများ၊
၂။ မွေးဖွားခြင်းနှင့် သေဆုံးခြင်းဆိုင်ရာမှတ်ပုံတင်ရေး၊
၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း လူမှုဝန်ထမ်းလုပ်ငန်းများ၊
၄။ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊
၅။ ကုန်တင်ကုန်ချလုပ်ငန်း၊
၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့်–
(က) ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းရေး၊
(ခ) ပြတိုက်နှင့်စာကြည့်တိုက်များ၊
၇။ ဇာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံ၊
၈။ ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပုစသည့် ပြပွဲများ"

ဟု ချမှတ်သင့်ကြောင်းကို ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များဖြစ်သည့် တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စုကရင် အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေး ပါတီ၊ 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့က အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့အလိုက် သီးခြားအကြံပြုချက်များကိုလည်း ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သော ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီက –

"တိုင်းရင်းသားမျိုးနွယ်စုများ၏ ယဉ်ကျေးမှု၊ ရိုးရာဓလေ့အပြင် ဘာသာစာပေကိုပါ အားပေးဖော်ထုတ်ခြင်းသည် ပြည်ထောင်စုကြီး၏ အနှစ်သာရကို ပိုမိုပီပြင်စေမည်ဟု ယူဆမိပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုဥပဒေပြုစာရင်း၌ လူမှုရေးကဏ္ဍတွင်ပါဝင်သည့် ပညာရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် တိုင်းရင်းသားဘာသာစကားကို ပြည်ထောင်စုဥပဒေပြုစာရင်းတွင်ဖော်ပြ၍ အခြေခံမူများ ချမှတ်ရန် သင့်မသင့် အမျိုးသားညီလာခံကြီးသို့ တင်ပြအပ်ပါကြောင်း"ဟု အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရကြောင်း။

ထိုအကြံပြုချက်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရမည်ဆိုလျှင် **လူမှုရေးကဏ္ဍ ပြည်ထောင်စုဥပဒေပြုစာရင်း၏ အမှတ်စဉ်(၂၀)တွင် 'စာပေ'ဆိုသည့် ကိစ္စရပ်ပါရှိပြီးဖြစ်ကြောင်း၊ စာပေဆိုသည့် စကားရပ်ထဲတွင် တိုင်းရင်းသားဘာသာ စာပေအပါအဝင် စာပေနှင့်သက်ဆိုင်သမျှ ကိစ္စရပ်များအားလုံး အကျုံးဝင်ပြီးဖြစ်ကြောင်း** ပြောကြားအပ်ပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် ရွေးကောက်ပွဲတွင်ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များ ဖြစ်ကြသည့် ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ ဒေါက်တာမူထန်နှင့် ရှမ်းပြည်နယ် ရွာငံမြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ်ဦးအောင်သိန်းတို့က –

"ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန် အတွက်လည်းကောင်း၊ ကုန်ထုတ်စွမ်းအားစုများ ပိုမိုပေါ်ပေါက်လာစေရန် အတွက်လည်းကောင်း၊ ကုန်ထုတ်လုပ်ငန်းအပိုင်းတွင် ပို၍တိုးမြှင့် ထုတ်လုပ်နိုင်စေရန်အတွက် လည်းကောင်း၊ သွင်းကုန်ထုတ်ကုန်လုပ်ငန်းပိုင်းဆိုင်ရာတွင် လျင်မြန်ချောမွေ့ တိုးတက်နိုင်စေရန်အတွက် လည်းကောင်း၊ ပြည်ပသို့သွားရောက်ပြီး အောက်ကျနောက်ကျအလုပ်လုပ်ကိုင်နေကြသူများအနေဖြင့် မိမိနိုင်ငံသို့ ပြန်လာနိုင်ကြစေရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ(Job Opportunities)ဘက်စုံပေါ်ပေါက်ပွင့်လန်းလာစေရန် လည်းကောင်း၊ အလုပ်အကိုင်ရရှိရေးအတွက် နိုင်ငံတော်ကစီမံဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ အလုပ်အကိုင်များကို ဖန်တီးပေးနိုင်သည်နှင့်အမျှ အလုပ်လက်မဲ့များအနေဖြင့်လည်း လျော့နည်းပပျောက်သွားနိုင်မည်ဖြစ်၍ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းစဉ်းစားသင့်ပါကြောင်း"ဟု အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရကြောင်း။

ထိုအကြံပြုချက်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရမည်ဆိုလျှင် ချမှတ်ပြီးဖြစ်သည့် အခြေခံရမည့်မူတွင် အလုပ်သမားနှင့်စပ်လျဉ်းပြီး **"နိုင်ငံတော်သည် အလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့် ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်မည်"**ဟု ပါရှိပြီး ဖြစ်ကြောင်း၊ ဤအခြေခံမူအရ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာစေရန် လိုအပ်သည့် ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နောင်ဥပဒေပြဋ္ဌာန်းသည့်အခါ ထိုအကြံပြုချက်ကို ထည့်သွင်းစဉ်းစားနိုင်အောင် မှတ်တမ်းတင်ထားမည်ဖြစ်ကြောင်း ပြောကြားအပ်ပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့က –

"တောင်သူလယ်သမားလူတန်းစားကို ကိုယ်စားပြုသည့် တောင်သူလယ်သမားအဖွဲ့အစည်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းသင့်ကြောင်း"ဟု အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရပါကြောင်း။

ထိုအကြံပြုချက်နှင့်သဘောသဘာဝချင်း တူညီစွာ 'တောင်သူလယ်သမားအဖွဲ့အစည်းများကို ဖွဲ့စည်းထားရှိပေးရန်'ဟု တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြသော ချင်းပြည်နယ် ထန်တလန်မြို့နယ်မှ ဒေါက်တာမူထန်နှင့် ရှမ်းပြည်နယ် ရွာငံမြို့နယ်မှ ဦးအောင်သိန်းတို့ကလည်း အကြံပြုတင်ပြသွားကြောင်း။

ယင်းအကြံပြုချက်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရမည်ဆိုလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပေါ်ပေါက်လာသည့်အခါ ပါတီစုံစနစ်ကိုကျင့်သုံးတော့မည်ဖြစ်၍ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေအရ သက်ဆိုင်ရာပါတီများက တောင်သူလယ်သမားအဖွဲ့အစည်းများကို ဖွဲ့စည်းဆောင်ရွက်သွားနိုင်ကြမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် သီးခြားဥပဒေပြဋ္ဌာန်းဆောင်ရွက်ရန်မလိုသည့်အတွက် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းဖော်ပြရန် လိုအပ်မည်မဟုတ်ပါကြောင်း ပြောကြားလိုကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သော အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့က –

"လူသားများအတွက် အန္တရာယ်ဖြစ်စေမည့် စွန့်ထုတ်ပစ္စည်းအဖြစ်က လူသားများအတွက် အန္တရာယ်မရှိသည့် စွန့်ထုတ်ပစ္စည်းအဖြစ် ပြုပြင်ပေးသည့် Treatment Plant များကို စက်ရုံအလုပ်ရုံတိုင်း၌ တည်ဆောက်ကတည်းက ထည့်သွင်းဆောက်လုပ်ရန် ပြဋ္ဌာန်းသောဥပဒေများ၊ စက်မှုဇုန် တစ်ခုလုံးအတွက်လည်း စုပေါင်း Treatment Plant ကြီးများကို ကျွမ်းကျင်သော ပညာရှင်များဖြင့် တည်ဆောက်သင့်ကြောင်း ပြဋ္ဌာန်းသည့်ဥပဒေများကို ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

အောက်ဖော်ပြပါအချက်ငါးချက်ကို ထပ်မံဖြည့်စွက်၍ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း တင်ပြအပ်ပါကြောင်း။

(၁) သန့်ရှင်းသော အဆိပ်အတောက်ကင်းစင်သည့် ပတ်ဝန်းကျင် (Clean Environment)ကို ကာကွယ်ရေး၊
(၂) ကျန်းမာရေးဆိုင်ရာ အာမခံလုပ်ငန်း၊
(၃) မွေးဖွားခြင်းနှင့် သေဆုံးခြင်းဆိုင်ရာ မှတ်ပုံတင်ရေး၊
(၄) အလုပ်သမားများ၏ လုပ်ငန်းခွင်ကျန်းမာရေးနှင့် အန္တရာယ်ကိစ္စရပ်များ ကင်းစေရေး၊
(၅) သဘာဝဘေးအန္တရာယ်နှင့် လူသားများဖန်တီးသော ဘေးအန္တရာယ်များ ကာကွယ်ရေး။

လူမှုရေးကဏ္ဍတွင် မွေးဖွားခြင်းနှင့် သေဆုံးခြင်းဆိုင်ရာ မှတ်ပုံတင်ရေးသည် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုး၏ ရှင်းလင်းချက်၌ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရန်မပါရှိဘဲ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ပါရှိနေကြောင်း၊ ပြည်ထောင်စုဥပဒေပြုစာရင်းတွင်သာ ထည့်သွင်းသင့်ပါကြောင်း။

မွေးဖွားခြင်းနှင့် သေဆုံးခြင်းဆိုင်ရာ မှတ်ပုံတင်ရေးကိစ္စရပ်များသည် နိုင်ငံတော်အနေဖြင့် နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ရကြောင်း၊ နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် နိုင်ငံတော်အဆင့်မှသာ စာရင်းများပေးရခြင်း၊ ဆက်ဆံခြင်းများ ပြုလုပ်ရသဖြင့် ယင်းကိစ္စရပ်ကို ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းသင့်ကြောင်း"ဟု အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရကြောင်း။

ထိုအကြံပြုချက်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရမည်ဆိုလျှင် Treatment Plant များဆိုင်ရာကိစ္စရပ်များသည် ပတ်ဝန်းကျင်၊ လေထု၊ ရေထုများကို ညစ်ညမ်းမှုမဖြစ်စေရန် အဓိကရည်ရွယ်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင် ကာကွယ်ရေးနှင့် ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များပင် ဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးနှင့်ထိန်းသိမ်းရေးကိစ္စရပ်များနှင့်စပ်လျဉ်းပြီး စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍတွင် ထည့်သွင်းဖော်ပြထားပြီးဖြစ်ကြောင်း။ အလားတူပင် အဆိပ်အတောက်ကင်းစင်သည့် သန့်ရှင်းသော ပတ်ဝန်းကျင်ကို ကာကွယ်ရေးဆိုသည့် အကြံပြုချက်သည်လည်း အထက်ပါရှင်းလင်းချက်ထဲ၌ အကျုံးဝင်သွားပြီးဖြစ်ကြောင်း။

ကျန်းမာရေးဆိုင်ရာ အာမခံလုပ်ငန်းဆိုသည့် ကိစ္စရပ်သည် လူမှုရေးကဏ္ဍရှိ အမျိုးသားကျန်းမာရေးဆိုသည့်စကားရပ်ထဲ၌ သက်ဆိုင်ပါဝင်ပြီးဖြစ်သကဲ့သို့ အလုပ်သမားများ၏ လုပ်ငန်းခွင်ကျန်းမာရေးနှင့် အန္တရာယ်ကိစ္စရပ်များ ကင်းစင်ရေးဆိုသည့် အချက်သည်လည်း အလုပ်လုပ်ချိန်၊ နားချိန်၊ အလုပ်ပိတ်ရက်များနှင့် လုပ်ငန်းခွင်ဆိုင်ရာ ဘေးအန္တရာယ် ကင်းရှင်းရေးဆိုသော စကားရပ်ထဲ၌ အကျုံးဝင်ပြီးဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့် လူသားများဖန်တီးသောဘေးအန္တရာယ်များ ကာကွယ်ရေးဆိုသည့်ကိစ္စရပ်သည်လည်း ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုသည့် စကားရပ်ထဲ၌ အကျုံးဝင်ပြီးဖြစ်၍ ယင်းတို့နှင့်စပ်လျဉ်းပြီး လိုအပ်ပါက ဥပဒေများ ပြဋ္ဌာန်းနိုင်မှာဖြစ်သည့်အတွက် သီးခြားကိစ္စရပ်များအဖြစ် ထည့်သွင်းဖော်ပြရန် လိုအပ်မည်မဟုတ်ပါကြောင်း ပြောကြားလိုပါကြောင်း။

ယင်းကိုယ်စားလှယ်အစုအဖွဲ့ကပင်–

"ပြည်ထောင်စုဥပဒေပြုစာရင်းတွင် လူမှုရေးကဏ္ဍတွင် ပါသင့်သည့်ကိစ္စတစ်ရပ်ကို ဖြည့်စွက်တင်ပြရလျှင် စာနယ်ဇင်းအပါအဝင် မီဒီယာကိစ္စများပင် ဖြစ်ကြောင်း။

မီဒီယာဆိုရာတွင် သတင်းစာများ၊ ဂျာနယ်များ၊ စာစောင်များ၊ သုတမဂ္ဂဇင်းများ၊ ရုပ်မြင်သံကြားနှင့် အသံလွှင့်ကိစ္စရပ်များ ပါဝင်ပါကြောင်း။

မိမိတို့မျှော်မှန်းသော စည်းကမ်းရှိသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ရာ၌ စာနယ်ဇင်းများအပြင် ရုပ်မြင်သံကြားနှင့် အသံလွှင့်မီဒီယာများ၏ အခန်းကဏ္ဍသည် အလွန်အရေးပါသည့်အပြင် ယခုထက်ပိုမိုကျယ်ပြန့်လာမည်ဟုလည်း မျှော်မှန်းပါကြောင်း၊ နိုင်ငံပိုင်သာမက အန်ဂျီအိုအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကပိုင်မီဒီယာလုပ်ငန်းများလည်း အနှေးနှင့်အမြန် ပေါ်ပေါက်လာကြမည်ဖြစ်ကြောင်း၊ ကျင့်ဝတ်သိက္ခာစောင့်ထိန်းသော မီဒီယာများကို လွတ်လပ်စွာရေးသားထုတ်ဝေ ထုတ်လွှင့်ခွင့်ပြုသကဲ့သို့ သိက္ခာမစောင့်စည်းသည့် ဥပဒေမလေးစားသော မီဒီယာများရှိလာလျှင်လည်း ဥပဒေနှင့်အညီ အဆင့်ဆင့် အရေးယူထိန်းချုပ်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် စာနယ်ဇင်းနှင့် မီဒီယာများကိစ္စနှင့်ပတ်သက်ပြီး လိုအပ်သည့်ဥပဒေများထားရှိ ဆောင်ရွက်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ဤအကြံပြုချက်နှင့်ပတ်သက်၍ **သက်ဆိုင်သည့် ဥပဒေများပြဋ္ဌာန်းသောအခါ ယင်းအကြံပြုချက်များကို ထည့်သွင်းစဉ်းစားနိုင်ရန် မှတ်တမ်းတင်ထားမည်ဖြစ်ကြောင်း ပြန်ကြားအပ်ပါကြောင်း။**

ထို့အပြင် မွေးဖွားခြင်းနှင့် သေဆုံးခြင်းဆိုင်ရာ မှတ်ပုံတင်ရေးကိစ္စရပ်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြမည့်အစား ပြည်ထောင်စုဥပဒေပြုစာရင်းတွင်သာ ဖော်ပြရန် အကြံပြုချက်သည် ချမှတ်ပြီးဖြစ်သော အခြေခံမူနှင့်လည်း ကိုက်ညီပြီး ကောင်းမွန်သင့်မြတ်သည့်အတွက် အလေးအနက်ထား စဉ်းစားသင့်ကြောင်းကို တွေ့ရှိရကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သော တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့က–

"နိုင်ငံတော်တွင် မီးဘေးအန္တရာယ်သာမက ရေဘေး၊ လေဘေး၊ ငလျင်ဘေး အစရှိသော သဘာဝဘေးအန္တရာယ်များ၊ ကပ်ရောဂါ ဘေးအန္တရာယ် သို့မဟုတ် အခြား ရုတ်တရက်ဖြစ်ပွားသော ဘေးအန္တရာယ်အမျိုးမျိုး ကြုံတွေ့နိုင်ကြောင်း၊ ထိုကဲ့သို့သောအခါမျိုးတွင် လူမှုရေး အဖွဲ့အစည်းများနှင့် ပြည်သူများပေါင်းပြီး ကြိုတင်ပြင်ဆင်ကာကွယ်နိုင်ရန် အစီအမံများကို ဒေသအလိုက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းတွင် ဖော်ပြပါ အပိုဒ်(၄) 'မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး'ဟု စကားရပ်အစား 'မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေး'ဟု ဖြည့်စွက်သင့်ပါကြောင်း"ဟု အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရပါကြောင်း။

ညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သော အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့ကလည်း အထက်ပါအကြံပြုချက်နှင့် သဘောသဘာဝချင်း တူသည့် **'မီးသတ်တပ်ဖွဲ့၊ မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး' ဟု အကြံပြုသွားကြောင်း၊ ယင်းအကြံပြုချက်တွင် 'မီးသတ်တပ်ဖွဲ့'ဆိုသည့် စကားရပ်ပါရှိနေခြင်းကို တွေ့ရမည်ဖြစ်ကြောင်း၊ မီးသတ်တပ်ဖွဲ့သည် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ပါရှိပြီးဖြစ်သည့်အတွက် ထိုအကြောင်းအရာထဲ၌ ထည့်သွင်းရန်မလိုအပ်ကြောင်း သုံးသပ်ရရှိပါကြောင်း၊ 'မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး'ဟု ဖော်ပြရန် အကြံပြုချက်သည် ချမှတ်ပြီးဖြစ်သည့် အခြေခံမူနှင့်လည်းကိုက်ညီပြီး ကောင်းမွန်သင့်မြတ်သည့် အတွက်အလေးအနက်ထားစဉ်းစားသင့်ကြောင်း တွေ့ရှိရပါကြောင်း။**

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သော နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့က–

"စက်မှုလုပ်ငန်းများတွင် စက်ပစ္စည်းကိရိယာများသာမက စက်ပစ္စည်းများကို ကိုင်တွယ်ထိန်းသိမ်းမောင်းနှင်ကြသော စက်မှုလုပ်သားများ၏ အခန်းကဏ္ဍသည်လည်း အရေးကြီးကြောင်း၊ လုပ်သားများသည် လုပ်ငန်းခွင်၌ ဘေးအန္တရာယ်အမျိုးမျိုး ကြုံတွေ့နိုင်ကြသည်ဖြစ်ရာ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာဥပဒေ (Occupational Safety Act)နှင့် လုပ်ငန်းခွင်ကြောင့် ပေါ်ပေါက်လာနိုင်သော ဘေးဥပဒ်ဆိုင်ရာဥပဒေ (Occupational Hazard Act) စသည်လုပ်ငန်းခွင်ဆိုင်ရာ ဥပဒေများကို ပြဋ္ဌာန်းဆောင်ရွက်ကြရကြောင်း၊ ယင်းအချက်များကို တစ်ပြေးညီသတ်မှတ်ဆောင်ရွက်ပေးမှသာ တူညီမျှတမည် ဖြစ်သည့်အတွက် အထက်ဖော်ပြပါ ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ဥပဒေပြုရန် လိုအပ်လာလျှင် ဥပဒေပြဋ္ဌာန်းနိုင်ရန် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းဖော်ပြသင့်ကြောင်း" ရှင်းလင်းတင်ပြပြီး အမှတ်စဉ် (၁၅) 'အလုပ်လုပ်ချိန်၊ နားချိန်၊ အလုပ်ပိတ်ရက်များ' ဆိုသည့်စကားရပ်အစား **'အလုပ်လုပ်ချိန်၊ နားချိန်၊ အလုပ်ပိတ်ရက်များနှင့် လုပ်ငန်းခွင်ဆိုင်ရာ ဘေးအန္တရာယ် ကင်းရှင်းရေး'**ဟု အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရကြောင်း။

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့ကပင် အမှတ်စဉ် (၁၉) 'ပြည်ထောင်စုက စီမံခန့်ခွဲသည့် **(က) ရှေးဟောင်းယဉ်ကျေးမှု သို့မဟုတ်**

စာမျက်နှာ ၆ ကော်လံ ၁ သို့

6-3 (05).p65 1 3/26/05, 10:49 PM

စာမျက်နှာ ၅ မှ

သမိုင်းဝင်ဒေသများ၊ အဆောက်အအုံများ၊ အထိမ်းအမှတ်များ၊ မှတ်တမ်းများ၊ ကျောက်စာများ၊ လက်ရာများ၊ ရုပ်ဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းသုတေသနလုပ်ငန်းများ'ဆိုသည့် စကားရပ်အစား **'ရှေးဟောင်းယဉ်ကျေးမှု သို့မဟုတ် သမိုင်းဝင်ဒေသများ၊ အဆောက်အအုံများ၊ အထိမ်းအမှတ်များ၊ မှတ်တမ်းများ၊ ကျောက်စာများ၊ မင်စာများ၊ ပေပုရပိုက်များ၊ လက်ရေးစာများ၊ လက်ရာများ၊ ရုပ်ဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းသုတေသနလုပ်ငန်းများ'**ဟု အစားထိုးရန် အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရကြောင်း။

ဤအကြံပြုချက်များသည် ချမှတ်ပြီးဖြစ်သည့် အခြေခံမူနှင့်လည်း ကိုက်ညီပြီး ကောင်းမွန်သင့်မြတ်သည့်အတွက် အလေးအနက်ထား စဉ်းစားသင့်ကြောင်း တွေ့ရှိရကြောင်း။

ထို့ကြောင့် လူမှုရေးကဏ္ဍနှင့်စပ်လျဉ်းပြီး ဖော်ပြပါအကြံပြုချက်များဖြစ်သည့် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည့် အမှတ်စဉ် (၁၅)ပါ 'အလုပ်လုပ်ချိန်၊ နားချိန်၊ အလုပ်ပိတ်ရက်များ'တွင် **'လုပ်ငန်းခွင်ဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေး'**ဟူသည့် စကားရပ်ကို ဖြည့်စွက်ရန်လည်းကောင်း၊ အမှတ်စဉ် ၁၉(က)အဖြစ် 'ရှေးဟောင်းယဉ်ကျေးမှု သို့မဟုတ် သမိုင်းဝင်ဒေသများ၊ အဆောက်အအုံများ၊ အထိမ်းအမှတ်များ၊ မှတ်တမ်းများ၊ ကျောက်စာများ၊ လက်ရာများ၊ ရုပ်ဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းသုတေသနလုပ်ငန်းများ'တွင် **'မင်စာ၊ ပေပုရပိုက်၊ လက်ရေးစာ'** ဟူသော စကားရပ်ဖြည့်စွက်ရန်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း အမှတ်စဉ် (၂)မှာ ဖော်ပြထားသည့် 'မွေးဖွားခြင်းနှင့် သေဆုံးခြင်းဆိုင်ရာ မှတ်ပုံတင်ရေး' ဆိုသည့် အကြောင်းအရာကို ပြည်ထောင်စုဥပဒေပြုစာရင်း အမှတ်စဉ် (၂၁) အဖြစ် ဖော်ပြရန်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းမှာ ဖော်ပြသင့်သည့် အမှတ်စဉ် (၃)ပါ 'မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး'တွင် **'သဘာဝဘေးအန္တရာယ်များ'**ဟူသောစကားရပ်ကို ဖြည့်စွက်ရန်လည်းကောင်း၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီက သဘာပတိအဖွဲ့ဝင်များနှင့် ညှိနှိုင်းခဲ့ကြောင်း၊သဘာပတိအဖွဲ့ဝင်များကလည်း မိမိတို့နှင့်သက်ဆိုင်သည့် ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များနှင့်ပြန်လည် ညှိနှိုင်းပြီး ကိုယ်စားလှယ်အစုအဖွဲ့များ၏ သဘောထားများကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီသို့ စာဖြင့်တင်ပြခဲ့ကြောင်း၊ ညီလာခံကိုယ်စားလှယ် အစုအဖွဲ့အများအပြားက လူမှုရေးကဏ္ဍရှိ ပြည်ထောင်စုဥပဒေပြုစာရင်း အမှတ်စဉ် (၁၅)အဖြစ် **'အလုပ်လုပ်ချိန်၊ နားချိန်၊ အလုပ်ပိတ်ရက်များနှင့်**

၁၂။ ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ အခြေအနေမဲ့များအား စောင့်ရှောက်ရေး၊
၁၃။ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကိစ္စရပ်များ၊
၁၄။ မီးသတ်တပ်ဖွဲ့၊
၁၅။ အလုပ်လုပ်ချိန်၊ နားချိန်၊ အလုပ်ပိတ်ရက်များနှင့် လုပ်ငန်းခွင်ဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေး၊
၁၆။ ဝါဏိဇ္ဇပဋိပက္ခ၊
၁၇။ လူမှုဖူလုံရေး၊
၁၈။ အလုပ်သမားအဖွဲ့အစည်းများ၊
၁၉။ ပြည်ထောင်စုက စီမံခန့်ခွဲသည့်–
(က) ရှေးဟောင်းယဉ်ကျေးမှု သို့မဟုတ် သမိုင်းဝင်ဒေသများ၊ အဆောက်အအုံများ၊ အထိမ်းအမှတ်များ၊ မှတ်တမ်းများ၊ ကျောက်စာများ၊ မင်စာများ၊ ပေပုရပိုက်များ၊ လက်ရေးစာများ၊ လက်ရာများ၊ ရုပ်ဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းသုတေသန လုပ်ငန်းများ၊
(ခ) ပြတိုက်များ၊ စာကြည့်တိုက်များ၊
၂၀။ စာပေ၊ သဘင်၊ ဂီတ၊ ရိုးရာပန်း၊ ရုပ်ရှင်၊ ဗီဒီယို
၂၁။ မွေးဖွားခြင်းနှင့် သေဆုံးခြင်းဆိုင်ရာ မှတ်ပုံတင်ရေး"

ဟု လည်းကောင်း၊

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြရမည့် လူမှုရေးကဏ္ဍဆိုင်ရာ အကြောင်းကိစ္စများနှင့်စပ်လျဉ်းပြီး–

"၁။ ပြည်ထောင်စုက ချမှတ်ထားသည့် တိုင်းရင်းဆေးဆိုင်ရာမူဝါဒများနှင့် မဆန့်ကျင်သော တိုင်းရင်းဆေးဆိုင်ရာကိစ္စများ၊
၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း လူမှုဝန်ထမ်း လုပ်ငန်းများ၊
၃။ မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေး၊
၄။ ကုန်တင်ကုန်ချလုပ်ငန်း၊
၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့်–
(က) ယဉ်ကျေးမှု အမွေအနှစ်များထိန်းသိမ်းရေး၊
(ခ) ပြတိုက်နှင့် စာကြည့်တိုက်များ၊
၆။ ဇာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံ၊
၇။ ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပု စသည့်ပြပွဲများ"

ဟု လည်းကောင်း အသေးစိတ် အခြေခံရမည့်မူများ ချမှတ်လိုက်ကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့အလိုက် သီးခြားအကြံပြုချက်များကိုလည်း ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်သည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များ ဖြစ်ကြသော ချင်းပြည်နယ် ထန်တလန်မြို့နယ်မဲဆန္ဒနယ်မှ ဒေါက်တာမှုထန်နှင့် ရှမ်းပြည်နယ် ရွာငံမြို့နယ်မဲဆန္ဒနယ်မှ ဦးအောင်သိန်းတို့က–

"နိုင်ငံတော်သည်ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှမြို့ပြဒေသများတွင် စီးပွားကုန်သွယ်မှုလုပ်ငန်းများ စက်မှုလက်မှုလုပ်ငန်းများတိုးတက်များပြားလာမည်ဖြစ်ကြောင်း၊ မြို့ပြဒေသများ၌ လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ရန် လူအများပြောင်းရွှေ့အခြေစိုက်နေထိုင်လာကြခြင်းကြောင့် လူဦးရေလည်းတိုးတက်များပြားလာကြောင်း၊ လူအများနေထိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ဖြစ်စေ၊ စီးပွားကုန်သွယ်လုပ်ငန်းဆောင်ရွက်ရန်နှင့်စပ်လျဉ်း၍ဖြစ်စေ၊ စက်ရုံအလုပ်ရုံများ တည်ဆောက်ရန်နှင့်စပ်လျဉ်း၍ဖြစ်စေ အိမ်ငှား၊မြေငှားဆိုင်ရာကိစ္စများသည် မြို့ပြဒေသများတွင် ပေါ်ပေါက်လျက်ရှိခြင်းကို တွေ့ရကြောင်း၊ အိမ်ငှား၊ မြေငှားဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်သင့်သကဲ့သို့ တချို့ကိစ္စများကို တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အတွင်းဒေသအခြေအနေ၊ ခေတ်ကာလအခြေအနေများအရ ပြည်ထောင်စုဥပဒေနှင့် မဆန့်ကျင်စေဘဲ သီးခြားဆောင်ရွက်ခွင့်ပြုစေသင့်ကြောင်း။

ဆက်လက်၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း အသင်းအဖွဲ့များနဲ့စပ်လျဉ်းပြီး အကြံပြုတင်ပြဆွေးနွေးလိုကြောင်း၊ လွတ်လပ်သည့်နိုင်ငံတိုင်းတွင် နိုင်ငံသားများအနေဖြင့် အသင်းအဖွဲ့များကိုဖွဲ့စည်းတည်ထောင်ခွင့်၊ ကိုယ်တိုင်ကိုယ်ကျပါဝင်ဆောင်ရွက်ခွင့်များရှိကြရမည်ဖြစ်ကြောင်း၊ အသင်းအဖွဲ့များတွင်လည်း ဘာသာရေးနှင့်ဆိုင်သည့်အသင်းအဖွဲ့များ၊ အားကစားနှင့်သက်ဆိုင်သည့်အသင်းအဖွဲ့များ၊ လူထုလူတန်းစားအသင်းအဖွဲ့များ၊ လူမှုရေးဆိုင်ရာ အသင်းအဖွဲ့များစသည်ဖြင့် အသင်းအဖွဲ့ပေါင်းမြောက်မြားစွာရှိလာကြမည်ဖြစ်ကြောင်း၊ အသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ကြသည့်အခါ၌ ပြည်သူများ၏ လုံခြုံရေးနှင့်အေးချမ်းသာယာရေး၊ အများပြည်သူ၏ကိုယ်ကျင့်တရားကိုမထိပါးစေရေးအတွက် နိုင်ငံတော်ကတစ်ပြေးညီဆောင်ရွက်သင့်ကြောင်း၊ သို့သော်လည်း တချို့သော အသင်းအဖွဲ့များဖွဲ့စည်းခြင်းကိုမူ ပြည်ထောင်စုဥပဒေနှင့် မဆန့်ကျင်စေဘဲ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များကိုလည်းခွဲဝေပေးပြီး ခွင့်ပြုစေသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း"ဟု အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရကြောင်း။

မြို့မြေများနှင့်ပတ်သက်သည့် ဥပဒေပြုအာဏာကို ပြည်ထောင်စုလွှတ်တော်သို့အပ်နှင်းထား ရွာမြေများစီမံခန့်ခွဲခွင့်အာဏာကို တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ခွဲဝေပေးသင့်

လုပ်ငန်းခွင်ဆိုင်ရာ ဘေးအန္တရာယ် ကင်းရှင်းရေး'ဟုလည်းကောင်း၊ အမှတ်စဉ် ၁၉(က)အဖြစ် **'ရှေးဟောင်းယဉ်ကျေးမှု သို့မဟုတ် သမိုင်းဝင်ဒေသများ၊ အဆောက်အအုံများ၊ အထိမ်းအမှတ်များ၊ မှတ်တမ်းများ၊ ကျောက်စာများ၊ မင်စာများ၊ ပေပုရပိုက်များ၊ လက်ရေးစာများ၊ လက်ရာများ၊ ရုပ်ဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းသုတေသနလုပ်ငန်းများ'**ဟုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း အမှတ်စဉ်(၂)တွင် ဖော်ပြထားသည့် မွေးဖွားခြင်းနှင့် သေဆုံးခြင်းဆိုင်ရာ မှတ်ပုံတင်ရေးဆိုသည့်အကြောင်းအရာကို ပြည်ထောင်စုဥပဒေပြုစာရင်းတွင် အမှတ်စဉ် (၂၁)အဖြစ်**'မွေးဖွားခြင်းနှင့် သေဆုံးခြင်းဆိုင်ရာ မှတ်ပုံတင်ရေး'**ဟုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း၏ အမှတ်စဉ် (၃) အဖြစ် **'မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေး'**ဟုလည်းကောင်း ဖော်ပြသင့်ကြောင်း အကြံပြုခဲ့သည်ကို တွေ့ရှိရကြောင်း။

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သော ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက ယင်းတို့ပါတီ၏ သဘောထားအတိုင်း တင်ပြသွားကြကြောင်း။

ဤအစုအဖွဲ့တွင်ပါဝင်သော တစ်သီးပုဂ္ဂလကိုယ်စားလှယ်များကလည်း လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြခဲ့သည့် အချက်များကို အသေးစိတ်အခြေခံရမည့် မူများအဖြစ် ချမှတ်သင့်ကြောင်း၊ ယင်းတို့၏ ဆန္ဒသဘောထားများကို သီးခြားစီ တင်ပြသွားကြသည်ကို တွေ့ရှိရကြောင်း။

ထို့ကြောင့် ညီလာခံကိုယ်စားလှယ်အများအပြား၏ အကြံပြုချက်များနှင့်အညီ–

ဥပဒေပြုရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းရှိ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရမည့် လူမှုရေးကဏ္ဍဆိုင်ရာ အကြောင်းကိစ္စများနှင့် စပ်လျဉ်းပြီး–

"၁။ ပညာသင်ကြားရေးဆိုင်ရာ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာ၊ သင်ပြနည်းစနစ်၊ သုတေသန၊စီမံကိန်းစီမံချက်နှင့်စံများ၊
၂။ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံစသည့်သင်တန်းများနှင့် အဆင့်မြင့်ပညာအခြားအဖွဲ့အစည်းများ၊
၃။ ပြည်ထောင်စုကသတ်မှတ်သည့် စာမေးပွဲများ၊
၄။ ကိုယ်ပိုင်ကျောင်းများနှင့် သင်တန်းများ၊
၅။ အမျိုးသားအားကစား၊
၆။ အမျိုးသားကျန်းမာရေး၊
၇။ တိုင်းရင်းဆေးပညာနှင့် တိုင်းရင်းဆေးဝါးဖွံ့ဖြိုးတိုးတက်ရေး၊
၈။ ကုသိုလ်ဖြစ်ဆေးရုံများနှင့် ဆေးခန်းများ၊ ပုဂ္ဂလိကဆေးရုံများနှင့် ဆေးခန်းများ၊
၉။ မိခင်နှင့်ကလေးစောင့်ရှောက်ရေး
၁၀။ ကြက်ခြေနီအသင်း၊
၁၁။ အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်စသည်တို့ တုပရောနှော ထုတ်လုပ်ရောင်းချခြင်းမှကာကွယ်ရေး၊

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်က **"စီမံခန့်ခွဲရေးကဏ္ဍ"**ကို ဖတ်ကြားတင်ပြရာ၌–

ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ ပြည်ထောင်စုဥပဒေပြုစာရင်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတို့တွင် ဖော်ပြသင့်သည့် စီမံခန့်ခွဲရေးကဏ္ဍအောက်တွင် ပါရှိရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများကို ၂၀၀၄ ခုနှစ် မေလ ၂၀ ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းတင်ပြခဲ့ကြောင်း၊ ယင်းရှင်းလင်းတင်ပြချက်နှင့် စပ်လျဉ်း၍ ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များက အကြံပြုဆွေးနွေးခဲ့ကြပြီး စီမံခန့်ခွဲရေးကဏ္ဍတွင် ပါရှိသင့်သည့် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ပြည်ထောင်စုဥပဒေပြုစာရင်းတွင်–

"၁။ အထွေထွေအုပ်ချုပ်ရေး၊
၂။ ရွာမြေ၊ မြို့မြေစီမံခန့်ခွဲရေး၊
၃။ အိမ်ငှား၊ မြေငှား
၄။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါး၊
၅။ နိုင်ငံတော်လျှို့ဝှက်ချက်ထိန်းသိမ်းရေးဆိုင်ရာကိစ္စများ၊
၆။ အသင်းအဖွဲ့များ၊
၇။ အကျဉ်းထောင်၊
၈။ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊
၉။ သန်းခေါင်စာရင်း၊
၁၀။ နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်း၊ နိုင်ငံသားအဖြစ်မှ ရုပ်စဲခြင်း၊ ရုပ်သိမ်းခြင်း၊ နိုင်ငံသားစိစစ်ရေးနှင့် မှတ်ပုံတင်လုပ်ငန်း၊
၁၁။ ဘွဲ့ထူး၊ ဂုဏ်ထူး"နှင့်

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြု စာရင်းတွင်–

"၁။ စည်ပင်သာယာရေး၊
၂။ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေး၊
၃။ ဂုဏ်ထူးဆောင်လက်မှတ်များနှင့်ဂုဏ်ထူးဆောင်ဆုပစ္စည်းများ"

ဟု ချမှတ်သင့်ကြောင်းကို ညီလာခံကိုယ်စားလှယ် အစုအဖွဲ့များဖြစ်သည့် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၊ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့နှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေး ပါတီ၊ 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့က အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရကြောင်း။

ဤအကြံပြုချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြမည်ဆိုလျှင် အိမ်ငှား၊ မြေငှားကိစ္စနှင့် အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းကိစ္စများကို ပြည်ထောင်စုဥပဒေနှင့် မဆန့်ကျင်စေဘဲ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်များကို ဆောင်ရွက်ခွင့်ပြုရန်ကိစ္စရပ်သည် စီမံခန့်ခွဲရေးဆိုင်ရာလုပ်ပိုင်ခွင့် ခွဲဝေပေးခြင်းပင်ဖြစ်ကြောင်း၊ ပြည်ထောင်စုကဥပဒေပြဋ္ဌာန်းပြီး လက်တွေ့ဆောင်ရွက်သည့်အခါ အဆင့်ဆင့်သော ဒေသဆိုင်ရာအာဏာပိုင်များကို ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ လုပ်ပိုင်ခွင့်များခွဲဝေပေးသွားမည်ဖြစ်ကြောင်း၊ လက်ရှိလည်းဆောင်ရွက်နေခြင်းကြောင့် နောင်လိုအပ်၍ ဥပဒေပြဋ္ဌာန်းသည့်အခါ ယင်းအကြံပြုချက်ကို ထည့်သွင်းစဉ်းစားနိုင်အောင် မှတ်တမ်းတင်ထားမည်ဖြစ်ကြောင်း ပြောကြားအပ်ပါကြောင်း။

ယင်းကိုယ်စားလှယ်အစုအဖွဲ့တွင် ပါဝင်သောတစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များဖြစ်ကြသည့် ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှဦးလှစိုး၊ တွံတေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့က–

"မြို့မြေများနှင့်ပတ်သက်သည့် ဥပဒေပြုအာဏာကို ပြည်ထောင်စုလွှတ်တော်သို့ အပ်နှင်းထားသကဲ့သို့ ပြည်ထောင်စုဝင် နယ်မြေများဖြစ်သည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များအနေဖြင့်လည်း မိမိတို့နယ်မြေအတွင်းရှိ ပကတိအခြေအနေများကို သိရှိနိုင်သည့်အတွက် ရွာမြေများစီမံခန့်ခွဲခွင့်အာဏာကို တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ခွဲဝေပေးသင့်ကြောင်း" အကြံပြုတင်ပြသွားသည်ကိုတွေ့ရှိရကြောင်း။

ဤအကြံပြုချက်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရမည်ဆိုလျှင် ရွာမြေ၊ မြို့မြေစီမံခန့်ခွဲရေးဆိုသည့်ကိစ္စရပ်နှင့်စပ်လျဉ်းပြီး ဥပဒေပြုခွင့်အာဏာကို ပြည်ထောင်စုကိုပေးအပ်ထားခြင်းဖြစ်ကြောင်း၊ ထိုသို့ ပေးအပ်ထားရသည်မှာ ပြည်ထောင်စုတစ်ဝန်းလုံးကို လွှမ်းခြုံသက်ရောက်စေမည့် ဥပဒေမျိုးပြဋ္ဌာန်းဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ဥပဒေပြဋ္ဌာန်းပြီးသည့်နောက် ရွာမြေ၊ မြို့မြေစီမံခန့်ခွဲသည့်အုပ်ချုပ်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်များကို ပြည်ထောင်စုက ပြဋ္ဌာန်းထားသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များကိုလည်း ခွဲဝေအပ်နှင်းသွားမည်ဖြစ်၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းမှာဖော်ပြရန်လိုအပ်မည် မဟုတ်ပါကြောင်း ပြောကြားလိုကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သော အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့က–

"အောက်ပါအချက်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း လုပ်ကိုင်ခွင့်ရရှိရန်အတွက် နိုင်ငံတော်ကဥပဒေပြဋ္ဌာန်းရာတွင် ထည့်သွင်းစဉ်းစားပေးပါရန် အကြံပြုတင်ပြအပ်ပါကြောင်း၊ ယင်းအချက်များမှာ–
၁။ အထွေထွေအုပ်ချုပ်ရေး၊
၂။ ရွာမြေ၊ မြို့မြေ စီမံခန့်ခွဲရေး၊
၃။ အိမ်ငှား၊မြေငှား၊
၄။ အသင်းအဖွဲ့များ၊

စာမျက်နှာ ၇ ကော်လံ ၁ သို့

စာမျက်နှာ ၆မှ

၅။ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊

၆။ သန်းခေါင်စာရင်း စသည်တို့ဖြစ်ကြောင်း။

ထို့အပြင် စီမံခန့်ခွဲရေးကဏ္ဍတွင် ဝန်ထမ်းရွေးချယ်ခန့်ထားရေးနှင့် ပတ်သက်ပြီး တင်ပြအကြံပြုလိုကြောင်း။ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်များ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများတွင် တာဝန်ထမ်းဆောင်နိုင်ရန် ဝန်ထမ်းများကို ရွေးချယ်ခန့်ထားရာ၌ ပညာအရည်အချင်းတူညီပါက သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့မဟုတ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများရှိ ဒေသခံများကို ဦးစားပေးရွေးချယ်ခန့်ထားပေးရန်၊ ဒေသခံမရှိမှသာ တခြားဒေသက ပုဂ္ဂိုလ်များကို ရွေးချယ်ခန့်ထားရန် ဟူ၍လည်းကောင်း၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများတွင် ဝန်ထမ်းခန့်ထားရေးနှင့်ပတ်သက်၍ ဒေသခံတိုင်းရင်းသားများအား လုပ်ငန်းလိုအပ်ချက်အရ ရွေးချယ်ခန့်ထားခွင့်ရရှိရန်ဟူ၍လည်းကောင်း နိုင်ငံတော်က သင့်တော်သလို ချမှတ်ဆောင်ရွက်ပေးပါရန်” ဟု အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရကြောင်း။

ထိုအကြံပြုချက်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရမည်ဆိုလျှင် အကြံပြုချက်ထဲတွင် ဖော်ပြထားသည့်ကိစ္စရပ်များကို တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အတွင်း လုပ်ကိုင်ခွင့်ရရှိစေရန် အတွက် နိုင်ငံတော်မှ ဥပဒေပြဋ္ဌာန်းရာတွင် ထည့်သွင်းစဉ်းစားပေးရန်တင်ပြထားခြင်းသာ ဖြစ်၍ နောင်အခါ ဖွဲ့စည်းပုံဥပဒေသစ်အရ လိုအပ်၍ ဥပဒေများပြဋ္ဌာန်းသည့်အခါ ဖော်ပြပါကိစ္စရပ်များကို ထည့်သွင်းစဉ်းစားနိုင်ရန် မှတ်တမ်းတင်ထားမည်ဖြစ်ကြောင်း ပြောကြားအပ်ပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်သည့် နိုင်ငံရေးပါတီမှ ကိုယ်စားလှယ်များက ယင်းတို့ပါတီ၏ သဘောထားအတိုင်း တင်ပြသွားကြကြောင်း။

ယင်းအစုအဖွဲ့တွင်ပါဝင်သည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များကလည်း လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြခဲ့သောအချက်များကို အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း ယင်းတို့၏ဆန္ဒသဘောထားများကို သီးခြားစီတင်ပြသွားသည်ကို တွေ့ရှိရပါကြောင်း။

ထို့ကြောင့်ညီလာခံကိုယ်စားလှယ်အများအပြား၏ အကြံပြုချက်များနှင့်အညီ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရမည့် စီမံခန့်ခွဲရေးကဏ္ဍဆိုင်ရာ အကြောင်းကိစ္စများနှင့် စပ်လျဉ်းပြီး–

“၁။ အထွေထွေအုပ်ချုပ်ရေး၊

၂။ ရွာမြေ၊ မြို့မြေ စီမံခန့်ခွဲရေး၊

၃။ အိမ်ငှား၊မြေငှား၊

၄။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါး၊

၅။ နိုင်ငံတော်လျှို့ဝှက်ချက်ထိန်းသိမ်းရေးဆိုင်ရာများ၊

၆။ အသင်းအဖွဲ့များ၊

၇။ အကျဉ်းထောင်၊

၈။ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊

၉။ သန်းခေါင်စာရင်း၊

၁၀။ နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်း၊ နိုင်ငံသားအဖြစ်မှရုပ်စဲခြင်း၊ ရုပ်သိမ်းခြင်း၊ နိုင်ငံသားစိစစ်ရေးနှင့်မှတ်ပုံတင်လုပ်ငန်း၊

၁၁။ ဘွဲ့ထူး၊ ဂုဏ်ထူး”

ဟုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြရမည့် စီမံခန့်ခွဲရေးကဏ္ဍဆိုင်ရာ အကြောင်းကိစ္စများနှင့်စပ်လျဉ်းပြီး–

“၁။ စည်ပင်သာယာရေး

၂။ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေး၊

၃။ ဂုဏ်ထူးဆောင်လက်မှတ်များနှင့်ဂုဏ်ထူးဆောင်ဆုပစ္စည်းများ”

ဟုလည်းကောင်း အသေးစိတ်အခြေခံရမည့်မူများ ချမှတ်လိုက်ပါကြောင်း ဖြင့် ဖတ်ကြားတင်ပြသည်။ **(သတင်းစဉ်)**

ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တေရသမအစည်းအဝေး၊ ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေး၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပမည်

ရန်ကုန် မတ် ၅

ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တေရသမအစည်းအဝေးကို (၁၃၆၆ ခုနှစ် တပေါင်းလဆန်း ၈ ရက်၊ ၉ရက်) မတ် ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် လည်းကောင်း၊ ပဉ္စမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေးကို (၁၃၆၆ ခုနှစ် တပေါင်းလဆန်း၁၁၊ ၁၂၊ ၁၃ရက်) မတ် ၂၀၊၂၁နှင့် ၂၂ ရက်တို့တွင်လည်းကောင်း ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ၌ ကျင်းပမည်ဖြစ်သည်။

နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များသည် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာနာယကကျောင်းတော်ကြီးသို့ (၁၃၆၆ ခုနှစ် တပေါင်းလဆန်း ၄ ရက်) မတ် ၁၃ ရက် (တနင်္ဂနွေနေ့)တွင်လည်းကောင်း၊ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်များ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များသည် ကမ္ဘာအေးကုန်းမြေသို့ (၁၃၆၆ ခုနှစ် တပေါင်းလဆန်း ၁၀ ရက်) မတ် ၁၉ ရက် (စနေနေ့)တွင်လည်းကောင်း၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသည့် ဘွဲ့ခံသက်သက် ဆရာတော်ကြီးများနှင့် ဘွဲ့ခံသီလရှင် ဆရာကြီးများသည် ကမ္ဘာအေးကုန်းမြေသို့ (၁၃၆၆ ခုနှစ် တပေါင်းလဆန်း ၁၃ရက်) မတ် ၂၂ ရက်(အင်္ဂါနေ့)တွင် လည်းကောင်း အရောက်ကြွရောက်တော်မူကြပါရန် ပင့်လျှောက်စာများ ဆက်ကပ်ထားပြီး ဖြစ်ကြောင်း၊ ယင်းပင့်စာများ အချိန်မီမရောက်ရှိပါကလည်း အထက်ပါနေ့ရက်များတွင် အရောက်ကြွရောက်တော်မူပါရန် ပင့်လျှောက်အပ်ပါကြောင်းနှင့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို (၁၃၆၆ ခုနှစ် တပေါင်းလပြည့်နေ့) မတ် ၂၄ ရက် (ကြာသပတေးနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံကိုယ်စားလှယ်များ ကျိုက်ခေါက်စေတီတော်ဖူးမြော် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကြည့်ရှုလေ့လာ

ရန်ကုန် မတ် ၅

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ကျင်းပလျက်ရှိသော အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိသော အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံနားရက်ဖြစ်သည့် ယနေ့(စနေနေ့) နံနက်ပိုင်းတွင် အမျိုးသားညီလာခံကျင်းပရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၏ စီစဉ်မှုဖြင့် ရန်ကုန်တိုင်း သန်လျင်မြို့ သမိုင်းဝင်ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီမှ ဗိုလ်မှူးမြင့်ထွန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်၆နာရီခွဲတွင် မော်တော်ယာဉ်များဖြင့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင်စခန်းမှ ထွက်ခွာလာကြပြီး နံနက်၈နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ရှိ သမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီးသို့ ရောက်ရှိကြရာ ရန်ကုန်တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဆယ်မောင်၊ သန်လျင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးတင်ဋ္ဌေးနှင့် အဖွဲ့ဝင်များ၊ စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်စိုး(အငြိမ်းစား)နှင့် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် စေတီတော်ရင်ပြင် အဂ်ါထောင့်ရှိ ကျောက်တန်းတန်ဆောင်း၌ စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်စိုး (အငြိမ်းစား)က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး စေတီတော်နောက်ခံသမိုင်းနှင့် စေတီတော်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမျိုးသားညီလာခံကိုယ်စားလှယ်များက ဆံတော်ရှင်ကျိုက်ခေါက်စေတီတော် ဘက်စုံ မွမ်းမံပြင်ဆင်ရေးအတွက် စုပေါင်းလှူဒါန်းငွေကျပ်၇၇၂၆၀ကို ပေးအပ်လှူဒါန်းကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့ပြင် အမျိုးသားညီလာခံကိုယ်စားလှယ်များအား ဂေါပကအဖွဲ့က ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်၏ သမိုင်းရင်းမြစ်နှင့် ဖြစ်တော်စဉ် လက်ကမ်းစာစောင်များကို ဓမ္မဒါနအဖြစ် ပေးအပ်သည်။

ဖူးမြော်ကြည်ညို

ထို့နောက် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် စေတီတော်အား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ထိုမှတစ်ဆင့် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ရောက်ရှိလေ့လာကြရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင်က ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၌ တည်ဆောက်ထားသော ပြကွက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာရှိ ရခိုင်ရွာ၌ ပြသထားသည့် ရိုးရာနေအိမ်၊ ရခိုင်ရိုးရာအက၊ ရခိုင်ရိုးရာလက်ရက်ကန်းထုတ္ကန့်သိမ်တော်ပုံတူတို့ကို လည်းကောင်း၊ ဗမာရွာ၌ ပြသထားသည့် ရိုးရာနေအိမ်၊ မြန်မာ့ရိုးရာဆိုင်းဝိုင်းနှင့် ရိုးရာယဉ်ကျေးမှုအကတို့ကို လည်းကောင်း၊ မွန်ရွာရှိ ရိုးရာနေအိမ်၊ မွန်ရိုးရာအကနှင့် ကျိုက်ထီးရိုးစေတီတော်ပုံတူတို့အားလည်းကောင်း၊ ကရင်ရွာရှိ ရိုးရာနေအိမ်၊ ကရင်ဒုံးယိမ်းအကနှင့်ရိုးရာဖားစည်တို့အားလည်းကောင်း၊ ချင်းရွာရှိ ရိုးရာနေအိမ်၊ ချင်းရိုးရာအကနှင့် ရိဒ်ရေအိုင်ပုံတူတို့အား လည်းကောင်း၊ ကချင်ရွာရှိရိုးရာနေအိမ်၊ ကချင်မနောအကနှင့် ခါကာဘိုရာဇီတောင်ပုံတူတို့အားလည်းကောင်း၊ ရှမ်းရွာရှိ ရိုးရာနေအိမ်၊ အင်းလေးကန်ပုံတူနှင့် ကန်အတွင်း၌ ခြေတစ်ဖက်ဖြင့် ရိုးရာလှေလှော်ခတ်မှုကိုလည်းကောင်း၊ ကယားရွာ၌ရိုးရာနေအိမ်၊ တောင်ကွဲစေတီနှင့် ငွေတောင်ဆည်ပုံတူများကို လည်းကောင်း ကြည့်ရှုလေ့လာကြပြီး မော်တော်ယာဉ်ဖြင့် လှည့်လည်၍ ဒီရေရောက် လမုတောကို ကြည့်ရှုကြပြီး နံနက်၁၁နာရီတွင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာမှ ပြန်လည်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံကိုယ်စားလှယ်များ အမျိုးသားညီလာခံနားရက် စနေနေ့၌ ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာရှိ ကရင်ရိုးရာနေအိမ်နှင့် ကရင်ဒုံးယိမ်းအကကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၆–၃–၂၀၀၅
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင်မင်းကွန်း ဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရုအဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာ ဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၅။	ယဉ်ကျေးလိမ္မာ(၃၈)ဖြာ မင်္ဂလာ
၈း၁၀	၆။	အဆိုပြိုင်ပွဲ
၈း၂၀	၇။	ဗိုလ်မြတ်ထွန်းတံတား
၈း၃၀	၈။	International News
၈း၄၅	၉။	Say it in English
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၂၅	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၀	၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **“ချစ်ပန်းမေတ္တာ”** (အပိုင်း–၁၇)
၁၂း၂၀	၅။	၂၀၀၅ ခုနှစ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး ပထမအကြိမ် အာရှပတ်လည် မြားပစ်ပြိုင်ပွဲ
၁၂း၃၀	၆။	မြန်မာဗီဒီယိုဇာတ်လမ်း **“မင်းသမီးလေး ဥဩစိန်”** ဝေဠုကျော်၊ စိုးမြတ်နန္ဒာ၊ ဇေကရိစိုး၊ ပွင့်နဒီမောင်၊ ဆုမြတ်ရွှေစင် (ဒါရိုက်တာ–မောင်နီလွင်–သပြု)
၁၄း၃၀	၇။	ဂမုန်းရေလှောင်တမံ
၁၄း၄၅	၈။	International News
၁၅း၀၀	၉။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	English for Everyday Use
၁၆း၄၅	၄။	တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ (၂၀၀၂ ခုနှစ်)
၁၇း၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၁၇း၁၅	၆။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၃၀	၇။	အတီးပြိုင်ပွဲ
၁၇း၃၅	၈။	တေးဂီတအစီအစဉ်
၁၇း၅၀	၉။	စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
၁၈း၀၀	၁၀။	ဆိုကြမယ်၊ပျော်ကြမယ်
၁၈း၃၀	၁၁။	ညနေခင်းသတင်း
၁၉း၀၀	၁၂။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **“ချစ်ခွန်းခြွေသီတစ်ရာ့တစ်လီ”** (အပိုင်း–၄)
၁၉း၃၅	၁၄။	နှစ်(၆၀) ပြည့်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၉း၄၅	၁၅။	အမျိုးသား ညီလာခံဂုဏ်ပြုတေး
၂၀း၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **‘အချစ်သံသရာ’** (အပိုင်း–၂၄)

နေရာကွက်ကျားမိုး

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်း ရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

တိုင်းရင်းသားအချင်းချင်းအကြား သံသယပွားမှုများပယ်ဖျောက်ပြီး အမျိုးသားပြန်လည်စည်းလုံးရေး အခိုင်အမာတည်ဆောက်နိုင် တစ်ချိန်ကငြိမ်းချမ်းမှုမရှိခဲ့သည့်နယ်စပ်ဒေသများ ငြိမ်းချမ်းမှုအရသာခံစားပြီး အံ့သြလောက်အောင်တိုးတက်လာ

✻ ရှေ့ဖုံးမှ

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့နှင့် ဦးစီးဌာနများမှ ရဲချုပ်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ ပြည်နယ်၊ တိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ အုပ်ချုပ်ရေးမှူးများ၊ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်နှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ ခရိုင်နှင့် မြို့နယ် အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်အား ပြည်နယ်၊ တိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ အုပ်ချုပ်ရေးမှူးများက တစ်ဦးချင်း မိတ်ဆက်တင်ပြကြသည်။

ကိုယ်တိုင်ကိုယ်ကျပါဝင်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ဆွေးနွေးမှာကြားရာတွင် တပ်မတော်အစိုးရသည် နိုင်ငံတော်၏ ဆိုးရွားနေသည့် အခြေအနေအရပ်ရပ်ကို တာဝန်ယူထိန်းသိမ်းစောင့်ရှောက်ခဲ့ရပြီးနောက်တွင် ပြည်ထောင်စုကြီး၏ နယ်မြေအားလုံးကို တည်ငြိမ်အေးချမ်းလာအောင်၊ တရားဥပဒေစိုးမိုးလာအောင် မည်သို့မည်ပုံ ဦးစားပေးတည်ဆောက်ခဲ့ရသည်၊ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်အောင် မည်ကဲ့သို့လုပ်ကိုင်ပေးခဲ့ရသည် ဆိုသည်တို့ကို ဤအခမ်းအနားတွင် ရောက်ရှိနေကြသည့် ပုဂ္ဂိုလ်များသည် အုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်၌ ကိုယ်တိုင်ကိုယ်ကျ ပါဝင်သိရှိခဲ့ကြပြီးဖြစ်ကြောင်း။

နယ်မြေအေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးခိုင်မာလာပြီး ဒေသတစ်ခုနှင့်တစ်ခုအကြား လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ၁၉၉၂-၁၉၉၃ခုနှစ်မှစပြီး ပထမကာလတို လေးနှစ်စီမံကိန်း၊ ဒုတိယကာလတို ငါးနှစ်စီမံကိန်းနှင့် တတိယကာလတိုငါးနှစ်စီမံကိန်းတို့ကို ဆက်တိုက်ချမှတ်ပြီး အင်တိုက်အားတိုက် အကောင်အထည်ဖော်ခဲ့ရာ ယခုဆိုလျှင် တတိယကာလတို ငါးနှစ်စီမံကိန်း၏ နောက်ဆုံးနှစ်ကိုရောက်တော့မှာဖြစ်ကြောင်း၊ ကာလတိုစီမံကိန်းအလိုက် တိုးတက်အောင်မြင်မှုများ ဆက်တိုက်ရရှိသည့်အတွက် ယခုအခါ နိုင်ငံတော်သည် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှန်ပေါ် ရောက်ရှိနေပြီဖြစ်ကြောင်း။

မကြုံစဖူးအောင်မြင်

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတို့၏ လူမှုဘဝမြင့်မားတိုးတက်ရေးအတွက် လိုအပ်နေသည့် စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ပညာဖွံ့ဖြိုးရေး အခြေခံအဆောက်အအုံများ၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အခြေခံအဆောက်အအုံများကို ဤစီမံကိန်းကာလများအတွင်းတွင် ပြည့်စုံလုနီးပါး ရင်းနှီးမြှုပ်နှံတည်ဆောက်ခဲ့ပြီးဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုမှာ ဒေသတစ်ခုနှင့်တစ်ခုအကြား အဆင့်အတန်းကွာဟနေမှုလျော့နည်းပြီး ပြည်ထောင်စုကြီးတစ်ရပ်လုံး ကွက်လပ်မကျန် တစ်ပြိုင်တည်းဖွံ့ဖြိုးရေးကို ရေရှည်ရည်မျှော်သည့် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု စီမံကိန်းကြောင့်လည်း ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများသည် လက်တွေ့ကျကျ မကြုံစဖူး အောင်မြင်စွာဝံ့ကြွားပေါ်ထွက်လာနေပြီဖြစ်ကြောင်း။

ထို့အပြင် တိုင်းရင်းသားအချင်းချင်းအကြား သံသယပွားခဲ့ရမှုများကို ပယ်ဖျောက်ပြီး အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုကို အခြေခံသည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို တောင့်တင်းခိုင်မာအောင် အခက်အခဲအမျိုးမျိုးကြားမှ အခြေချတည်ဆောက်နိုင်ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် တစ်ချိန်တစ်ခါက သေနတ်သံ၊ ဗုံးကွဲသံများဖြင့် ငြိမ်းချမ်းမှုမရှိသည့် နယ်စပ်ဒေသများသည် ငြိမ်းချမ်းမှု၏အရသာကိုခံစားပြီး အံ့သြလောက်အောင် မြို့ပြဒေသများပမာ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည်မှာ ကိုယ်တွေ့မျက်မြင်ပဲဖြစ်ကြောင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး အထူးစီမံကိန်းသည်လည်း ငြိမ်းချမ်းရေးရရှိမှုနှင့်အတူ နိုင်ငံတော်၌ တစ်မူထူးခြားစွာ ပေါက်ဖွားဖြစ်ပေါ်လာသည့် ဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်သစ်အဖြစ် မြင်တွေ့နေကြပြီဖြစ်ကြောင်း။

ဤကဲ့သို့ နိုင်ငံတော်၌ တည်ငြိမ်အေးချမ်းပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးအခြေခံကောင်းများ ခိုင်ခိုင်မာမာ ဖြစ်ပေါ်လာခြင်းသည် ခြုံလိုက်လျှင် ဇဟိုမှာရှိသည့် ပုဂ္ဂိုလ်များရော၊ အောက်ခြေအဆင့်ဆင့်တွင် တာဝန်ရှိသူများပါ တက်ညီလက်ညီ အင်တိုက်အားတိုက် အလုပ်လုပ်ခဲ့ကြ၍ဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံတော်ကချမှတ်ထားသည့် မူဝါဒများ၏ လက်တွေ့ကျမှု၊ မှန်ကန်မှုကြောင့်လည်း ကြိုးစားလျှင်ကြိုးစားသလောက်၊ အလုပ်လုပ်နိုင်လျှင် လုပ်နိုင်သလောက် အောင်မြင်မှုများ ရရှိခဲ့ခြင်းဖြစ်သည်ဟု အဓိပ္ပာယ်ပြည့်စုံအောင် ဖွင့်ဆိုရမှာဖြစ်ကြောင်း။

ဖွဲ့စည်းတာဝန်ပေး

ဤကဲ့သို့ မှန်ကန်သည့် မူဝါဒများနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို အင်တိုက်အားတိုက် တည်ဆောက်နိုင်ရေးအတွက် သွက်လက်ထက်မြက်သော နိုင်ငံတော်အုပ်ချုပ်ရေးယန္တရားအဆင့်ဆင့်သည် တိုင်းပြည်၏ အမှန်တကယ်လိုအပ်ချက်ဖြစ်သည့်အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နယ်မြေဒေသအဆင့်အလိုက် တိုင်း၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ရပ်/ကျေးအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ တစ်နည်းအားဖြင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်၏ အဆင့်အမြင့်ဆုံး အာဏာပိုင်အဖွဲ့အစည်းဖြစ်သည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တိုက်ရိုက်ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဆင့်ဆင့်သည် အဆင့်အမြင့်ဆုံးအာဏာပိုင်အဖွဲ့အစည်း၏ ကိုယ်စား နိုင်ငံတော်၏မူဝါဒများ၊ စီမံကိန်းများကို လက်တွေ့သက်ဝင် အကောင်အထည်ဖော်အောင်၊ နယ်မြေဒေသအဆင့်အလိုက် ဦးစီးဦးဆောင်တာဝန်ယူကြရသည့် အောက်ခြေအုပ်ချုပ်ရေးအဖွဲ့များလည်းဖြစ်ကြောင်း။

ထပ်ဆင့်ပြီးပြောရလျှင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရသည် ခေတ်စနစ်အသွင်ကူးပြောင်းရေးကို ဆောင်ရွက်နေသည့် အစိုးရဖြစ်သကဲ့သို့ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များသည်လည်း အသွင်ကူးပြောင်းရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နေသည့် ဒေသဆိုင်ရာ အဖွဲ့များဖြစ်ကြောင်း။

သင်ခန်းစာမျိုးစုံ

ဤအုပ်ချုပ်ရေးအဖွဲ့များတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အဖွဲ့အဆင့်ဆင့်သည် လိုအပ်သည့်ရုံးလုပ်ငန်းတာဝန်များကို ထမ်းဆောင်နေကြရသကဲ့သို့ ပြည်နယ်၊ တိုင်းအဆင့်၊ ခရိုင်အဆင့်အုပ်ချုပ်ရေးမှူးများသည် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းနှင့် ခရိုင်အုပ်ချုပ်ရေးအဖွဲ့များ၌ အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးအဆင့်တွင် မြို့နယ်အုပ်ချုပ်ရေးမှူးများသည် မြို့နယ်ဥက္ကဋ္ဌအဖြစ်လည်းကောင်း အသီးသီး တာဝန်ယူနေကြရခြင်းဖြစ်ကြောင်း၊ ဤကဲ့သို့ တာဝန်ယူခဲ့သည်မှာ နှစ်ကာလအားဖြင့် ရှည်ကြာသည်နှင့်အမျှ အသွင်ကူးပြောင်းရေးဆိုင်ရာ အတွေ့အကြုံသင်ခန်းစာမျိုးစုံကိုလည်း ရရှိခဲ့ကြပြီးဖြစ်ကြောင်း။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ နောက်ခံသမိုင်းကို ပြန်ကြည့်မည်ဆိုလျှင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် နိုင်ငံတော်၏ အုပ်ချုပ်ရေးစနစ်ပြောင်းလဲဖြစ်ပေါ်မှုသမိုင်းကြောင်းနှင့်အတူ ခေတ်ကာလအမျိုးမျိုးကို ဖြတ်သန်းလာခဲ့ကြပြီးဖြစ်ကြောင်း။

အသွင်ကူးပြောင်းရေးကာလ

ယနေ့အချိန်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ခေတ်စနစ်၏ လိုအပ်ချက်အရ ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်၌ ပြန်လည်ဖွဲ့စည်းရပ်တည်ပြီး မြေယာစီမံခန့်ခွဲရေး၊ ယစ်မျိုးစီမံခန့်ခွဲရေး၊ အခွန်ကောက်ခံရေး၊ မြို့ပြဌာရမ်းခကြီးကြပ်ရေး၊ အသင်းအဖွဲ့များ မှတ်ပုံတင်ခွင့်ပြုရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး စသည့် မိခင်ဌာနလုပ်ငန်းများရော ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၏ လုပ်ငန်းတာဝန်ကိုပါ ပူးတွဲပြီး ထမ်းဆောင်နေကြခြင်းဖြစ်ကြောင်း၊ အဆင့်ဆင့်သော ဒေသအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာရှိများကို အဖွဲ့ဝင်များ၊ ဥက္ကဋ္ဌများအဖြစ် ယခု

နိုင်ငံတော်မူဝါဒကို အမြဲတမ်း မှန်မှန်ကန်ကန် ကျင့်သုံးအကောင်အထည်ဖော်

- ❑ ဝန်ထမ်းများသည် နိုင်ငံတော်အုပ်ချုပ်ရေးယန္တရား၌ အဓိကဆက်စပ်ဆောင်ရွက်နေသည့် မိမိတို့တာဝန်ပိုင်း၏ အရေးကြီးမှုကို နားလည်ရန်လိုသကဲ့သို့ နိုင်ငံတော်၏ မူဝါဒကိုလည်း အမြဲတမ်း မှန်မှန်ကန်ကန် ကျင့်သုံးအကောင်အထည်ဖော်နိုင်ရန်လိုအပ်၊
- ❑ ဖွံ့ဖြိုးတိုးတက်မှုမှာ ဒေသတစ်ခုနှင့်တစ်ခုအကြား အဆင့်အတန်းကွာဟနေမှု လျော့နည်းပြီး ပြည်ထောင်စုကြီးတစ်ရပ်လုံး ကွက်လပ်မကျန် တစ်ပြိုင်တည်းဖွံ့ဖြိုးရေးကို ရေရှည်ရည်မျှော်သည့် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု စီမံကိန်းကြောင့်လည်း ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများသည် လက်တွေ့ကျကျ မကြုံစဖူး အောင်မြင်စွာ ဝံ့ကြွားပေါ်ထွက်လာနေပြီ၊
- ❑ တိုင်းရင်းသားအချင်းချင်း အကြား သံသယပွားခဲ့ရမှုများကို ပယ်ဖျောက်ပြီး အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုကို အခြေခံသည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို တောင့်တင်းခိုင်မာအောင် အခက်အခဲအမျိုးမျိုးကြားမှ အခြေချတည်ဆောက်နိုင်၊
- ❑ တစ်ချိန်တစ်ခါက သေနတ်သံ၊ ဗုံးကွဲသံများဖြင့် ငြိမ်းချမ်းမှုမရှိသည့် နယ်စပ်ဒေသများသည် ငြိမ်းချမ်းမှု၏အရသာကိုခံစားပြီး မြို့ပြဒေသများပမာအံ့သြလောက်အောင် ဖွံ့ဖြိုးတိုးတက်လာလျက်ရှိ၊
- ❑ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး အထူးစီမံကိန်းသည်လည်း ငြိမ်းချမ်းရေးရရှိမှုနှင့်အတူ နိုင်ငံတော်၌ တစ်မူထူးခြားစွာ ပေါက်ဖွားဖြစ်ပေါ်လာသည့် ဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်သစ်အဖြစ် မြင်တွေ့ရ၊
- ❑ ယနေ့ကာလသည် ခေတ်ပြောင်း၊ စနစ်ပြောင်း အသွင်ကူးပြောင်းနေသောကာလဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းအားလုံးသည် မှန်ကန်သည့် အတွေးအခေါ်နှင့် လုပ်ငန်းတာဝန်များကို ထက်ထက်မြက်မြက်၊ သွက်သွက်လက်လက် ပူးပေါင်းလုပ်ကြရမည်၊
- ❑ အများပြည်သူကို ဥပဒေဘောင်အတွင်းနေထိုင်ကြရန်၊ စည်းကမ်းရှိရန် ထိန်းသိမ်းကြပ်မတ် ပြုပြင်သွားရမည့် ဝန်ထမ်းများကိုယ်တိုင်က ဥပဒေ၊ စည်းကမ်းများကို နားလည်ရုံသာမက စံနမူနာပြလေးစားလိုက်နာရန် အထူးလိုအပ်။

ကဲ့သို့ တာဝန်ပေးခြင်းသည် ခေတ်ပြောင်း၊ စနစ်ပြောင်းနေသည့် အသွင်ကူးပြောင်းရေးကာလ၏ လိုအပ်ချက်အရ နိုင်ငံတော်က တာဝန်ပေးထားခြင်းဖြစ်ကြောင်း။

ထို့ကြောင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသာမက မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူအဆင့်ဆင့်သည် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များအဖြစ် တာဝန်ထမ်းဆောင်ကြရာ၌ သာမန်သဘောမထားဘဲ အလေးအနက်ခံယူပြီး တက်ညီလက်ညီ အလုပ်လုပ်ကြရန်လိုအပ်ကြောင်း မှာကြားလိုကြောင်း၊ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဆင့်ဆင့်၏ တာဝန်များကို မိခင်ဌာန၏လုပ်ငန်းတာဝန်လောက် အလေးအနက်မထားသည့် အယူအဆမျိုးသည် လွဲမှားသည့်အယူအဆမျိုးဖြစ်ကြောင်း၊ အမှန်တွင် မိခင်ဌာနလုပ်ငန်းသည် ဘယ်ဟာလဲဆိုသည်ကို ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ဝင်များအတွက် ခွဲခြားဖို့ပင် ခက်ခဲလာကြောင်း။

ဖွဲ့စည်းတာဝန်ပေး

အကြောင်းမှာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ လုပ်ငန်းတာဝန်များသည် တသီးတခြားရှိမနေဘဲ ဌာနဆိုင်ရာများ၏ လုပ်ငန်းများနှင့် တစ်သားတည်းဆက်စပ်လျက်ရှိနေ၍ဖြစ်ပါကြောင်း၊ လုပ်ငန်းတာဝန်အရ သူ့ဌာန၊ ကိုယ့်ဌာနဆိုပြီး ဌာနအသီးသီး ဖွဲ့စည်းထားသော်လည်း ရပ်ရွာဒေသတည်ငြိမ်အေးချမ်းရေး၊ ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်တစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ညှိနှိုင်းပေါင်းစပ် ဖြေရှင်းသွားကြရမှာဖြစ်ကြောင်း၊ ဌာနတစ်ခု၏လိုအပ်ချက်နှင့် တခြားဌာနတစ်ခု၏ လိုအပ်ချက်ကို မှန်မှန်ကန်ကန် ညှိနှိုင်းပေါင်းစပ်ပေးရန်၊ ဒေသခံပြည်သူများ၏ လိုအပ်ချက်နှင့် ဌာနဆိုင်ရာများ၏လိုအပ်ချက်ကို ဟန်ချက်ညီညီ ပေါင်းစပ်ညှိနှိုင်းပေးရန်၊ နိုင်ငံတော်တစ်ရပ်လုံး၏ လိုအပ်ချက်နှင့် နယ်မြေဒေသ၏ လိုအပ်ချက်ကို မျှတစွာပေါင်းစပ်ညှိနှိုင်းပေးရန် စသည့် ကိစ္စများသည် ဌာနဆိုင်ရာတစ်ခုချင်း၏ ပုံမှန်လုပ်ရိုးလုပ်စဉ်အတိုင်း ဆောင်ရွက်နေလျှင် မပြီးမြောက်နိုင်သည့်အတွက် မြန်မြန်ဆန်ဆန် မှန်မှန်ကန်ကန် တွန်းအားပေးပေါင်းစပ်ဆောင်ရွက်နိုင်ရန် ဒေသအလိုက် ယခုကဲ့သို့ အုပ်ချုပ်ရေးကောင်စီအဆင့်ဆင့်ကို ဖွဲ့စည်းတာဝန်ပေးထားခြင်းဖြစ်ကြောင်း။

ထို့ကြောင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်၏အခန်းကဏ္ဍကို အဖွဲ့ဝင်များရော၊ ဌာနဆိုင်ရာဝန်ထမ်းများကပါ မှန်မှန်ကန်ကန် နားလည်ရန် လိုအပ်ကြောင်း၊ အထူးသဖြင့် ရုံးလုပ်ငန်းတာဝန်အရရော၊ ဖွဲ့စည်းတာဝန်ပေးမှုအရပါ ကောင်စီအဆင့်ဆင့်ကိုသာ တာဝန်ခံဆောင်ရွက်နေကြရသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများသည် နိုင်ငံတော်အုပ်ချုပ်ရေးယန္တရား၌ အဓိကဆက်စပ်ဆောင်ရွက်နေရသည့် မိမိတို့တာဝန်ပိုင်း၏ အရေးကြီးမှုကို နားလည်ရန်လိုသကဲ့သို့ နိုင်ငံတော်၏ မူဝါဒကိုလည်း အမြဲတမ်းမှန်မှန်ကန်ကန် ကျင့်သုံးအကောင်အထည်ဖော်နိုင်ရန်လိုအပ်ကြောင်း။

ကြိုးစားဖြည့်ဆည်း

နောင်ဖြစ်ပေါ်လာမည့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရား၌လည်း ခိုင်မာသည့်အခြေခံအုတ်မြစ်များအဖြစ် စဉ်ဆက်မပြတ် တာဝန်ယူထမ်းဆောင်သွားရမှာဖြစ်သည့်အတွက် မိမိတို့၏ အရည်အသွေးနှင့် စွမ်းအားထက်မြက်နေအောင် ကြိုးစားဖြည့်ဆည်းနေရန်လိုကြောင်း၊ လုပ်ငန်းကျွမ်းကျင်ရုံတင်မက ပြည်သူကို အလုပ်အကျွေးပြုလိုစိတ်၊ နိုင်ငံတော်ကို ချစ်မြတ်နိုးစိတ် ရှင်သန်နေအောင်လည်း အမြဲပြုပြင်နေကြရမှာဖြစ်ကြောင်း။

အမှန်တွင် သာမန်ဝန်ထမ်းစိတ်ဓာတ်ဖြင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးလုပ်ငန်းများကို ထူးထူးခြားခြား အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်မှာ အလွန်ခဲယဉ်းလှကြောင်း၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များဖြစ်သော ပြည်နယ်/တိုင်း၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့ ထမ်းဆောင်ရသည့် လုပ်ငန်းများသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် နယ်ပယ်စုံနှင့် အကျုံးဝင်နေသည့်အတွက် အမြင်ကျယ်ရန်လိုအပ်ကြောင်း၊ ထို့ကြောင့်လည်း အုပ်ချုပ်ရေးအမြင်သာမက နိုင်ငံရေးအမြင်၊ လုံခြုံရေးအမြင်၊ စီးပွားရေးအမြင်များဖြင့် လုပ်ငန်းများကို သုံးသပ်ဆောင်ရွက်ရန် ကြုံကြိုက်လျှင် ကြုံကြိုက်သလို မှာကြားနေရခြင်းဖြစ်ကြောင်း။

လေ့ကျင့်ပျိုးထောင်

ထို့ကြောင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာရှိများကိုသာမက ရဲအရာရှိများ၊ လဝကမြို့နယ်ဦးစီးမှူးများနှင့် ရုံးအဖွဲ့ဝင် ကျန်ဝန်ထမ်းများကိုလည်း ခေတ်စနစ်၏ ပြောင်းလဲမှုအနေအထားကို နားလည်ခံယူနိုင်အောင် လေ့ကျင့်ပျိုးထောင်ပေးရန်လိုကြောင်း၊ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ လုပ်ငန်းလမ်းညွှန်ချက်များကို လေးနက်စွာ နားလည်ဆက်စပ်နိုင်ရန်လိုအပ်ကြောင်း။

ယနေ့ကာလသည် ခေတ်ပြောင်း၊ စနစ်ပြောင်း အသွင်ကူးပြောင်းနေသောကာလဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းအားလုံးသည် မှန်ကန်သည့် အတွေးအခေါ်နှင့် လုပ်ငန်းတာဝန်များကို ထက်ထက်မြက်မြက်၊ သွက်သွက်လက်လက် ပူးပေါင်းလုပ်ကြရမှာဖြစ်ကြောင်း၊ ဤကဲ့သို့ အခြေအနေများတွင် အချို့ဝန်ထမ်းများသည် အားကြိုးမာန်တက် အပင်ပန်းခံအလုပ်လုပ်ကြသော်လည်း တချို့ကမူ ကြိုးနီစနစ်များနှင့် ရစ်ပတ်နှောင်ဖွဲ့ပြီး လုပ်ငန်းဆောင်ရွက်ရာ၌ ကြန့်ကြာမှုများ၊ တာဝန်ကျေရုံဆောင်ရွက်နေခြင်းများရှိနေသည်ကို တွေ့ရှိနေရကြောင်း၊ အချို့က ဌာနစွဲစိတ်များရှိနေဆဲဖြစ်ကြောင်း၊ အချို့ဝန်ထမ်းများမှာ အဖြစ်မှန်၊ အခြေအနေမှန်ထက် မိမိလူကြီး၏အကြိုက် ပုံစံတကျတင်ပြပြီး **‘မျှော’**လိုက်နေသည်များကိုလည်း တွေ့မြင်နေရကြောင်း။

အဆိုးဆုံးမှာ လုပ်ပိုင်ခွင့်အာဏာနှင့်ယှဉ်တွဲပြီး ဖြစ်ပေါ်လာတတ်သည့် ပုဂ္ဂိုလ်ဆိုင်ရာ အားနည်းချက်များဖြစ်သော ကိုယ်ကျိုးရှာမှုများ၊ မသမာမှုများ၊ အာဏာအလွဲသုံးစားလုပ်မှုများကို ကျူးလွန်လာသည်အထိ နယ်ကျွံလာသည့်အတွက် နိုင်ငံတော်နှင့်ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားအတွက် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူခဲ့ရခြင်းများရှိကြောင်း။

အခြေခံကောင်းများ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို မိမိတို့ဝန်ထမ်းများလက်ထက်တွင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အရှိန်အဟုန်မြှင့်တင်ပြီး ကြိုးပမ်းတည်ဆောက်ရမှာဖြစ်ကြောင်း၊ အနာဂတ်နိုင်ငံတော်အတွက် လိုအပ်သည့် အခြေခံကောင်းများကို ခိုင်ခိုင်မာမာ လမ်းခင်းပေးထားနိုင်ရမှာဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ တိုးတက်ကြီးပွားရေးဆိုသည်မှာ အများ၏ အကျိုးစီးပွားနှင့် တစ်ဦးချင်း၊ တစ်ဖွဲ့ချင်း၏ အကျိုးစီးပွား၊ နိုင်ငံတော်၏ အကျိုးစီးပွားနှင့် ဒေသတစ်ခုချင်း၏ အကျိုးစီးပွားမျှတအောင်၊ သဟဇာတဖြစ်အောင် ထိန်းကိုင်လမ်းကြောင်းပေးသည့် ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ ဓလေ့ထုံးစံများကို လေးစားလိုက်နာမှုအပေါ်တွင်လည်း တည်မှီလျက်ရှိကြောင်း။

အများပြည်သူကို ဥပဒေဘောင်အတွင်းနေထိုင်ကြရန်၊ စည်းကမ်းရှိရန် ထိန်းသိမ်းကြပ်မတ် ပြုပြင်သွားရမည့် ဝန်ထမ်းများကိုယ်တိုင်က ဥပဒေ၊ စည်းကမ်းများကို နားလည်ရုံသာမက စံနမူနာပြလေးစားလိုက်နာရန် အထူးလိုအပ်ကြောင်း။

နိုင်ငံတော်အဖွဲ့အစည်းများကလည်း မှန်မှန်ကန်ကန် ရိုးရိုးသားသား စည်းကမ်းရှိရှိ အားကြိုးမာန်တက်အလုပ်လုပ်ပြီး ပြည်သူလူထုကလည်း မိမိတို့ထမ်းဆောင်ရမည့်လုပ်ငန်းများကို ကျေကျေပွန်ပွန် စည်းကမ်းရှိရှိ ထမ်းဆောင်ကြမည်ဆိုလျှင် နိုင်ငံတော်ကြီးသည် မလွဲမသွေတိုးတက်ဖွံ့ဖြိုးလာမှာဖြစ်ကြောင်း။

ကျေကျေပွန်ပွန်ထမ်းဆောင်

အထူးသဖြင့် ဒေသဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့အဆင့်ဆင့်တွင် ပါဝင်ထမ်းဆောင်နေကြရသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဝန်ထမ်းများသည် နိုင်ငံတော်၏မူဝါဒများဖြစ်သည့် အမျိုးသားရည်မှန်းချက်ပန်းတိုင်၊ အမျိုးသားခံယူချက်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ လက်တွေ့လုပ်ငန်းစဉ်(၁၂)ရပ်နှင့် ပြည်သူ့သဘောထား(၄)ရပ်တို့ကို စကားလုံးအရသာမက အနက်အဓိပ္ပာယ်ကိုပါ လေးနက်စွာနားလည်ခံယူကြပြီး ဌာနဆိုင်ရာလုပ်ငန်းနှင့် ဒေသဆိုင်ရာလုပ်ငန်းများကို ဖိဖိစီးစီး အကောင်အထည်ဖော်သွားကြရမှာဖြစ်ကြောင်း၊ မူဝါဒမရှိဘဲ လက်တွေ့လုပ်ငန်းများကို ဆောင်ရွက်လျှင် မျက်မမြင်လမ်းလျှောက်သလို လိုရာခရီးရောက်ရန် ခက်ခဲမှာဖြစ်ကြောင်း၊ မူဝါဒကိုနားလည်သည်နှင့်အမျှ ဌာနအလိုက်၊ လုပ်ငန်းတာဝန်အလိုက် အခြေခံရမည့် **‘မူ’**များ (Principle)နှင့် **‘လုပ်ထုံးလုပ်နည်းများ’** (Procedure)ကို အသေးစိတ်အလွယ်တကူ ချမှတ်နိုင်မှာဖြစ်ကြောင်း။

မူမရှိ၊ လုပ်ထုံးလုပ်နည်းမရှိဘဲ လုပ်ငန်းများကိုဆောင်ရွက်ကြမည်ဆိုလျှင် တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း၊ ရုံးတစ်ရုံး ဓားတစ်စင်း၊ တစ်တောတစ်ကြက်ဖပုံစံမျိုး ဖြစ်သွားနိုင်ကြောင်း။

အထူးသဖြင့် အများပြည်သူအကျိုးစီးပွားကို ဖော်ဆောင်နေရသည့် အုပ်ချုပ်ရေးအဖွဲ့များသည် လုပ်ကိုင်ပုံနည်းစနစ်လွဲမှားသွားမည်ဆိုလျှင် မိမိတို့ဆောင်ရွက်ချက်များသည် ရည်ရွယ်ချက်မည်မျှကောင်းသည်ဖြစ်စေ ပြည်သူလူထု အထင်အမြင်အလွဲခံရပြီး တိုင်ကြားခံရသည့်အဖြစ်အပျက်များ မြောက်မြားစွာရှိပြီးဖြစ်ကြောင်း။

အချို့သော ကိစ္စရပ်များတွင် လူပုဂ္ဂိုလ်ဆိုင်ရာ အားနည်းချက်များကြောင့် ပြည်သူလူထုအနေဖြင့် စိတ်နှလုံးမချမ်းမသာဖြစ်ရသည်များလည်းရှိကြောင်း၊ နိုင်ငံတော်က ထိုက်သင့်သလို အရေးယူအပြစ်ပေးခဲ့ရသည်များလည်းရှိကြောင်း။

လမ်းညွှန်မှာကြား

ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းအားလုံးနှင့်စပ်လျဉ်းပြီး နိုင်ငံတော်အကြီးအကဲက **“ပြည်သူများနဲ့တစ်သားတည်းနေထိုင်ပြီး အကျင့်သိက္ခာရှိရှိ ကျင့်ကြံနေထိုင်ရန်၊ ပြည်သူများအပေါ်မောက်မောက်မာမာ၊ ကြွားကြွားဝါဝါဆက်ဆံခြင်းမျိုးကို ရှောင်ရှားပြီး ပြည်သူများ၏ အကျိုးစီးပွားကိုဖော်ဆောင်ရန်”**၊ **“တိုင်းပြည်တာဝန်ကို မိမိတို့ယူထားသည့်အချိန်မှာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်သင့်လုပ်ထိုက်သည်များကို အပင်ပန်းခံ၊ အနစ်နာခံ၍ လုပ်ဆောင်ကြရန်၊ သမိုင်းကြောင်း၌ မှတ်တမ်းကောင်းများကျန်ရှိအောင် ကြိုးကြိုးစားစားလုပ်ဆောင်ကြရန်”**၊ **“သဘောတရားမပါသည့်အလုပ်၊ အလုပ်မပါသည့် သဘောတရားမဖြစ်စေဘဲ မှန်ကန်သည့် သဘောတရား၊ ခံယူချက်များဖြင့် ဦးတည်ချက်ရှိရှိ လုပ်ငန်းတာဝန်များကို ကြိုးပမ်းထမ်းဆောင်ကြရန်”** စသည်ဖြင့် အခါသင့်သလို လမ်းညွှန်မှာကြားခဲ့ကြောင်း။

ဤလမ်းညွှန်ချက်များကို လုပ်ငန်းလမ်းညွှန်များအဖြစ်ခံယူပြီး နိုင်ငံတော်နှင့် ပြည်သူကို ထိထိရောက်ရောက်သိက္ခာရှိရှိ ကြိုးကြိုးစားစားအလုပ်အကျွေးပြုကြရန်၊ မိမိတို့၏ အောက်လက်အဆင့်ဆင့်ကိုလည်း ထိန်းသိမ်းပြုပြင်ရန်မှာကြားလိုကြောင်း။

စေတနာထားအလုပ်လုပ်

အများပြည်သူ၏ ကောင်းကျိုး၊ နယ်မြေဒေသအကျိုး၊ နိုင်ငံတော်အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်သည့် အခွင့်အခါနှင့် အခွင့်အရေးရရှိစဉ် စေတနာထား၍ ဖိဖိစီးစီးအလုပ်လုပ်ကြရန်လိုကြောင်း၊ ပြည်သူကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်သွားနိုင်ရမှာဖြစ်ကြောင်း၊ သို့မှသာ သန့်ရှင်းသော အုပ်ချုပ်ရေး၊ ပြည်သူတို့ လေးစားအားကိုးသော အုပ်ချုပ်ရေးဖြစ်မှာဖြစ်ကြောင်း။

ယခုအခါ နိုင်ငံတော်သည် နိုင်ငံရေးအရ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်းအစီအစဉ်များကို ချမှတ်ပြီး လက်တွေ့ကျကျ အကောင်အထည်ဖော်နေသည့်ကာလကို ရောက်ရှိနေပြီဖြစ်ကြောင်း၊ နိုင်ငံရေးဦးတည်ချက်(၄)ရပ်အနက် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး လုပ်ငန်းတာဝန်များကို အခြေချ အကောင်အထည်ဖော်နိုင်သည်နှင့်အမျှ ကျန်ရှိသည့် လုပ်ငန်းတာဝန်များဖြစ်သော ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး၊ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေးတို့အတွက် နိုင်ငံတော်၏ ပကတိအခြေအနေများနှင့် ဆီလျော်ကိုက်ညီသော လက်တွေ့လုပ်ငန်းစဉ်(၇)ဆင့်ကို တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းပါဝင်မှုစွမ်းအားဖြင့် အကောင်အထည်ဖော်နေချိန်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံကို တက်တက်ကြွကြွ အလေးအနက်ထား ကျင်းပနေပြီလည်းဖြစ်ကြောင်း။

အင်တိုက်အားတိုက်လုပ်ဆောင်

ဤကဲ့သို့ အခြေအနေအချိန်မျိုးတွင် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးဆိုသည့် အကြောင်းပြချက်များဖြင့် မဟုတ်မမှန်သွေးခွဲမှုများ၊ ဖိအားပေးမှုများကို နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်၏ စည်းလုံးညီညွတ်မှုအင်အား၊ အလုပ်စွမ်းပကားတို့ဖြင့်ဖယ်ရှားပြီး ပကတိဖြစ်ရပ်မှန်များကို လမ်းမှန်အတိုင်း ဖော်ညွှန်းသွားကြရမှာဖြစ်ကြောင်း၊ နိုင်ငံတော်အုပ်ချုပ်ရေးယန္တရား၌ ပါဝင်ထမ်းဆောင်နေကြသည့်တာဝန်ရှိသူအဆင့်ဆင့်ကလည်း သတိတရားလက်ကိုင်ထားပြီး မိမိတို့လုပ်ကိုင်ဆောင်ရွက်စရာရှိသည်များကို ညီညီညွတ်ညွတ် အင်တိုက်အားတိုက် လုပ်ဆောင်သွားကြရန် လိုအပ်ကြောင်း။

နိဂုံးချုပ်အားဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ခံဝန်ထမ်းအဆင့်ဆင့်သည် နိုင်ငံတော်၏ ဦးစီးဦးဆောင်မှုအောက်တွင် မိမိတို့နှင့်အတူ လုပ်ဖော်ကိုင်ဖက် အခြားသော နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများကို စည်းရုံးပြီး မိမိတို့၏လုပ်ငန်းများကို ထိထိရောက်ရောက် တိုးတက်အောင်မြင်အောင် မျိုးချစ်စိတ်ဓာတ်အရင်းခံဖြင့် ကြိုးစားဆောင်ရွက်သွားကြရန် တစ်ကိုယ်ကောင်းစိတ်၊ ဌာနစွဲစိတ်များကို အမြဲထိန်းသိမ်းဖယ်ရှားပြီး လုပ်ငန်းများကို အမြင်ကျယ်ကျယ်ဖြင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားကြရန် အလေးအနက် မှာကြားလိုကြောင်းဖြင့် ပြောကြားသွားသည်။

(သတင်းစဉ်)

နှစ်(၆၀)ပြည့်တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် ပြည်သူတို့နှင့်အတူတကွ လက်တွဲ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

၂။ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်ကို ပြည်သူလူထုနှင့်အတူ လက်တွဲ ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၄။ အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်သော ခေတ်မီ တပ်မတော်တည်ဆောက်ရေး။

စစ်ကြောင်းကြီးများတည်းခိုရာစခန်းအသီးသီး၌ အဆို၊ အက၊ ရုပ်ရှင်များဖြင့် ဖျော်ဖြေတင်ဆက်

ရန်ကုန် မတ် ၅

နှစ်(၆၀)ပြည့် တပ်မတော်နေ့တွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများ တည်းခိုရာစခန်းအသီးသီး၌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ စီစဉ်ဆောင်ရွက်မှုဖြင့် ယမန်နေ့ညဉ့်ပိုင်းက ဖျော်ဖြေမှုအစီအစဉ်များပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ မြဝတီစစ်ကြောင်း၌ တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် မြဝတီစင်တင်တေးဂီတအဖွဲ့နှင့်အတူ စတုဒီယိုတေးသံရှင်များကလည်းကောင်း၊ ဧရာဝတီရေတပ်စခန်းဌာနချုပ်ရှိ နဝဒေးစစ်ကြောင်း၌ အမှတ်(၁) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲက အဆို၊ အက၊ အငြိမ့်၊ ဟာသများဖြင့်လည်းကောင်း၊ တပ်မတော်အရိုးကုဆေးရုံ ခုတင်(၅၀၀)ရှိ ဗန္ဓုလစစ်ကြောင်း၌ အမှတ်(၂)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲက အဆို၊ အက၊ အငြိမ့်၊ ဟာသများဖြင့်လည်းကောင်း၊ အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း(ဘုရင့်နောင်)ရှိ အနော်ရထာစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်းတို့၌ “မြင့်မြတ်နှလုံးသား” မြန်မာရုပ်ရှင်ဇာတ်ကားဖြင့်လည်းကောင်း၊ မင်္ဂလာဒုံတပ်နယ်ရှိ ဆင်ဖြူရှင်စစ်ကြောင်း၌ “အချစ်ကိုမွေးဖွားခြင်း” မြန်မာရုပ်ရှင်ဇာတ်ကားဖြင့်လည်းကောင်း၊ အောင်မင်္ဂလာအဝေးပြေးရှေ့ နယ်မြေခံတပ်ရင်းရှိ ကျန်စစ်သားစစ်ကြောင်း၌ “ရင်ခွင်နန်းတော်” မြန်မာရုပ်ရှင်ဇာတ်ကားဖြင့်လည်းကောင်း အသီးသီး ဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါ ဖျော်ဖြေတင်ဆက်မှုများကို စစ်ကြောင်းကြီးများမှ စစ်ကြောင်းမှူးများ၊ တပ်ရင်းမှူးများနှင့် အရာရှိ စစ်သည်များက ပျော်ရွှင်စွာ ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

မျက်စိကိုဖွင့် နားကိုစွင့်၍ ဉာဏ်ဖြင့်ကွပ်ကဲ သတိမြဲပါစေ

အခုအခါတွင် ကမ္ဘာကြီးကို ရွာကြီးတစ်ရွာအဖြစ် တင်စားပြောဆိုနိုင်လောက်အောင် ဒေသတစ်ခုနှင့်တစ်ခု အဆက်အသွယ်အသွားအလာ အဆက်အဆံများလာကြပြီ။ မိမိတို့မြန်မာနိုင်ငံသာမက တသီးတခြား နေကျင့်ရှိခဲ့သော နိုင်ငံကြီးများမှာပင် သဘာဝမတူသော နိုင်ငံများနှင့် ဆက်ဆံမှုများ တွင်ကျယ်နေကြသည်ကို သိမြင်ဖတ်ရှုရသည်။

မြန်မာတို့သဘာဝမှာ ဖော်ရွေခင်မင်တတ်သည့်တိုင် သိုသိုသိပ်သိပ်နေတတ်သည်။ အကျိုးလို၍ ညောင်ရေလောင်းလိုသည့်စိတ် မရှိသော်လည်း မိမိတို့ဒေသကို လာရောက်ကြသူများကို ဖော်ရွေတတ်ကြသည်။ ကောင်းစွာ ဧည့်ခံလေ့ရှိသည်။ ထိုသဘာဝနှင့်ပတ်သက်၍လည်း ခေတ်အဆက်ဆက်က မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သည့် တိုင်းတစ်ပါးသားတို့၏ မှတ်တမ်းမှတ်ရာများတွင် ထူးထူးခြားခြား မှတ်တမ်းတင်ခြင်းကို ခံယူခဲ့ကြရသည်။

စာရေးသူပညာသင်ဘဝက တွေ့ဆုံခဲ့သော သူငယ်ချင်းတစ်ယောက်က မြန်မာပြည်သို့ လာရောက်လည်ပတ်မည်ဟု ပြောခဲ့သည်။ စာရေးသူက ဘာဖြစ်လို့ မြန်မာပြည်ကို လာလည်ချင်တာလည်းဟု မေးလိုက်ပါသည်။ နောက်ဆုံး စာမေးပွဲပြီးသည့်နောက် မိမိတို့နိုင်ငံကို မိမိတို့ ပြန်ရတော့မည့်ဆဲဆဲတွင် ခင်မင်ရင်းနှီးသည့် သူငယ်ချင်း တစ်ဦးနှင့်တစ်ဦး ခွန်းချိုသံသာနှုတ်ဆက်ကာ အလွမ်းသယ်ရင်း စကားပြောနေကြခြင်း ဖြစ်ပါသည်။

သူငယ်ချင်းက "ရှေးဟောင်းဗိသုကာလက်ရာများနှင့် ဂုဏ်ယူဖွယ်ရာကောင်းသည့်နိုင်ငံ၊ လှပသည့်ရှုခင်းများနှင့် သာယာသည့်နိုင်ငံ၊ စားကောင်းသောက်ဖွယ်တွေပေါတဲ့နိုင်ငံ၊ နောက်ဆုံးစကားပြောရရင် နှင့်လိုယဉ်ကျေးမှုကို ကောင်းစွာစောင့်ရှောက်တတ်တဲ့ မိန်းကလေးတစ်ယောက် မွေးဖွားလာသည့်နိုင်ငံကို ငါမကြိုက်ဘဲမနေပါဘူး"

"ပြီးတော့ သူငယ်ချင်းရယ်၊ ဖွံ့ဖြိုးတိုးတက်အောင်ဆိုတာ ကြိုးစားရင်ရပါတယ်။ အရေးကြီးတာက ကိုယ့်အစဉ်အလာ၊ ကိုယ့်ကိုယ်ပိုင်သဘာဝနဲ့ ကိုယ့်ယဉ်ကျေးမှုကို ထိန်းနိုင်တဲ့ သတ္တိရှိဖို့ပါပဲ"ဟု ပြောပါသည်။ စာရေးသူနှင့် ထိုသူငယ်ချင်းသည် ပါရဂူဘွဲ့ယူခဲ့သူများဖြစ်သဖြင့် စာလည်းများစွာဖတ်ဖြစ်ကာ တစ်ဦးနှင့်တစ်ဦးလည်း ဆွေးဆွေးနွေးနွေးစကားပြောခဲ့သည်မှာ အကြိမ်ကြိမ်ရှိပြီဖြစ်သဖြင့် သူကလည်း စာရေးသူ၏စကားကို အလေးထားသလို စာရေးသူကလဲ သူ့စကားကို အလေးထားပါသည်။

စာရေးသူ စာများရေးသည့်အချိန်တွင် လူငယ်လူရွယ်များထံသို့ ဦးတည်သော စေတနာမေတ္တာပို့လွှတ်ကာ ရေးတတ်ပါသည်။ စာရေးသူ၏အယူအဆများကို သူတို့လက်ခံသည်၊ လက်မခံသည် အသာထား၍ တွေးတောမိလျှင်ပင် တော်လှပြီဟု ယူဆခဲ့ပါသည်။ လွန်ခဲ့သည့် ၃၄နှစ်ခန့်က သူငယ်ချင်းနှင့်ပြောဖြစ်သောစကားကို ပြန်၍တင်ပြရသည်မှာ ဆောင်းပါးအစတွင် ကမ္ဘာကြီးတစ်ခုလုံးသည် ရွာကြီးတစ်ရွာဟု ဆိုရမည့်အနေသို့ ရောက်လာပြီဖြစ်သဖြင့် အဝင်အထွက် အဆက်အဆံများလာသည်ကို မငြင်းဆန်နိုင်၊ မငြင်းဆန်သင့်သဖြင့် မြန်မာနိုင်ငံတွင် လူအဝင်အထွက်ကလည်း များလာပြီ။ ရိုးသားစွာ လာရောက်လည်ပတ်လိုသောသူများ၊ ရိုးသားစွာ အကျိုးတူစီးပွားရေး ပူးပေါင်းလုပ်ဆောင်လိုသူများလည်း များလာမည်ဖြစ်သည်။ ထိုသို့ လူဝင်လူထွက်များလာသဖြင့် မိမိတို့နိုင်ငံကောင်းမွန်တိုးတက်လာမည်။ စည်ပင်ကြွယ်ဝလာမည်။ သို့သော် လူလူချင်း အပြန်အလှန်လေးစားတတ်သော၊ အချင်းချင်းတို့၏အကြားတွင် မရှိရှိသည်တို့ကို ဝေမျှသုံးစွဲတတ်သော၊ ဝံသာနုရက္ခိတတရားကို စောင့်ထိန်းတတ်သော အင်မတန်လှပသည့် ကိုယ်ပိုင်အစဉ်အလာများ ပျက်ယွင်းမသွားအောင် သတိထားစေချင်၍ ဤဆောင်းပါးကို ရေးရခြင်းဖြစ်ပါသည်။

ပြည်ပမှလာသောသူများနှင့် ပေါင်းသင်းဆက်ဆံရာတွင် အပြန်အလှန်အကျိုးစီးပွားကို ပေးကြရမည်။ အကျိုးတူပူးပေါင်းရာတွင်လည်း ရိုးသားရမည်၊ သစ္စာရှိရမည်။ တစ်ဦး၏အစဉ်အလာကို တစ်ဦးက မထိပါးဘဲ ခင်မင်စွာနေတတ်ရမည်။ မြန်မာများသည် တင်ပြခဲ့သည့်အတိုင်း ဧည့်သည်လာလျှင် ဖော်ရွေတတ်ကာ တစ်ဖက်သားက မည်သို့အမြတ်ထုတ်သွားမည်ကို မသိနိုင်လောက်အောင် ရိုးသားသော၊ အမြင်မကျယ်သေးသောသူ အရေအတွက်များသည်။

ထိုကဲ့သို့ မသိနားမလည်ခြင်းဟူသော ပိုးအိမ်ချည်အိမ်မှ မိမိတို့ဘာသာထိုးထွင်းဖောက်ထွက်မှုမပြုမိ၍ ပျက်စီးသွားသော ပိုးတုံးလုံးကဲ့သို့ အကောင်မပေါက်ဘဲ နေတော့မည်ကို စိုးရိမ်ရသည်။ ကမ္ဘာ့နိုင်ငံများနှင့် ပေါင်းသင်းကာ ကမ္ဘာတွင် မည်သည့်ဘက်တွင် မည်မျှတိုးတက်နေသည်ကို သိနားလည်ရပါမည်။ ထိုသို့ အမှန်တကယ် တတ်မြောက်လိုသော၊ သိနားလည်လိုသော၊ အတတ်ပညာတွင် ကျွမ်းကျင်လိုသော၊ အတတ်ပညာ၏ နယ်နိမိတ်ကို ချဲ့ထွင်လိုသောသူများသည် မျက်စိကိုကျယ်ကျယ်ဖွင့်ကာ နားကိုကျယ်ကျယ်စွင့်ထားရန် လိုအပ်ပါသည်။ စာရေးသူဆိုလိုသော မျက်စိနှင့်နားသည် ရုပ်ပိုင်းဆိုင်ရာ မျက်စိနှင့်နားသာမက စိတ်ပိုင်းဆိုင်ရာ မျက်စိနှင့်နားကိုပါ ဆိုလိုခြင်းဖြစ်ပါသည်။

ဒေါက်တာမတင်ဝင်း

(ပညာရေးတက္ကသိုလ်)

မိမိတို့ကို ကျောင်းမှသင်ပေးလိုက်သော စာများကို ကျေညက်စွာ ကျက်မှတ်ဖြေဆိုပြီးလျှင် လူ့လောကတွင် ထပ်မံဖြည့်ဆည်းစရာ မလိုလောက်အောင် တတ်ပြီဟု ယူဆသူများလည်း ရှိနေတတ်သေးသည်။ အဆိုပါလူများထဲမှ စာရေးသူ တွေ့ဖူးသူတစ်ယောက်သည် အဆင့်မြင့်ဘွဲ့ရပြီးပြီဖြစ်၍ ဘာမျှလုပ်စရာ မလိုတော့ဘူးဟု နှုတ်မှထုတ်ဖော် ပြောနိုင်လောက်အောင် မျက်စိမပွင့်သေးသောသူဖြစ်သည်။ ထိုကဲ့သို့သောသူများသည် သတင်းစာကိုဖတ်မည်မဟုတ်ပါ။ ဖတ်မိလျှင် သဘောထားပြောင်းလဲကောင်း ပြောင်းလဲလာပါလိမ့်မည်။

ကမ္ဘာအရပ်ရပ်မှ တသဲသဲ တဖွဲဖွဲရောက်လာသော အသိပညာများ၊ အယူအဆများ၊ အတွေးအခေါ်များ၊ အသိသညာ (Concepts) များကို နားလည်အောင် လေ့လာရပါမည်။ အသစ်အသစ်သော အသိပညာ တိုးတက်မှုများကိုလည်း ကြားနာရပါမည်။ စာအုပ်စာတမ်းများကိုလည်း လေ့လာဖတ်ရှုရပါမည်။

စာရေးသူဆိုလိုသည်မှာ မိမိတို့ ယနေ့တတ်မြောက်သော၊ ပိုင်နိုင်ကျွမ်းကျင်သော ပညာရပ်များ အသိပညာများသည် မနက်ဖြန်တွင် တိုးတက်လာမည့် ပညာရပ်များထက် ခေတ်တစ်ခေတ်စာ နောက်ကျသွားနိုင်သည်။ အခြားသော နိုင်ငံများနှင့်ကား ပြောစရာမလိုလောက်အောင် နောက်ကျနေနိုင်သည်။ ထိုသို့ ပြောသဖြင့် စိတ်ပျက်စရာ၊ ထိတ်လန့်စရာမလိုပါ။ အရေးကြီးသည်မှာ မိမိကိုယ်ကို မိမိသိလိုက်ပြီဆိုလျှင် ပြုပြင်ပြောင်းလဲနိုင်တော့မည်ဖြစ်သည်။

ဤနေရာတွင် **ကမ္ဘာအရပ်ရပ်မှ တသဲသဲ တဖွဲဖွဲ ရောက်လာသော အသိပညာများ၊ အယူအဆများ၊ အတွေးအခေါ်များ၊ အသိသညာ(Concepts) များကို နားလည်အောင် လေ့လာရပါမည်။ အသစ်အသစ်သော အသိပညာ တိုးတက်မှုများကိုလည်း ကြားနာရပါမည်။ စာအုပ်စာတမ်းများကိုလည်း လေ့လာဖတ်ရှုရပါမည်။**

ထိုနေရာတွင် တစ်ဖက်စွန်း ရောက်နေသူများက စာအုပ်စာတမ်းအသစ်များ မရနိုင်သဖြင့် ခေတ်နောက်ကျသည်ဟု ပြောတတ်ကြပါသည်။ စာရေးသူသည် ပညာရေးတက္ကသိုလ်စာကြည့်တိုက်သို့ သွားလေ့ရှိရာ စာအုပ်သစ်များကို ရှာတွေ့ခဲ့ပါသည်။ မရှာဘဲနှင့်မရှိဟု မယူဆသင့်ပါ။ ထိုသို့ လူငယ်လူရွယ်များသည် ထက်သန်သောစိတ်ထားဖြင့် မျက်စိကိုဖွင့် နားကိုစွင့်ထားသည်ဆိုလျှင် သိစရာအကြောင်းအရာများ၊ နှစ်ခြိုက်စရာအကြောင်းအရာများ၊ ဆောင်စရာ ရှောင်စရာများကို သိလာကြပါလိမ့်မည်။ ကမ္ဘာ့ပညာရေးသမိုင်း၊ ကမ္ဘာ့သိပ္ပံပညာ တိုးတက်မှုသမိုင်းတွင်လည်း ဆင်းရဲမွဲတေလှသည့်သူများက သိပ္ပံပညာကို ဦးဆောင်တိုးတက်စေခဲ့သည်ကို စာအုပ်များတွင်ဖတ်ရပါသည်။

အကောင်းဆုံးသော စာအုပ်များကို ရနေသည့်တိုင် မဖတ်ရှုမလေ့လာပါက ရနိုင်သည့်စာအုပ်များကို စတင်ဖတ်ရှုကာ အသိဉာဏ်ပွင့်လန်းအောင် ကြိုးစားသူကသာ အသာစီးရသွားပါလိမ့်မည်။

အရေးကြီးသည်မှာ ဝင်လာသမျှအသိပညာ အတတ်ပညာအယူအဆများကို အကုန်ယူရန်မဟုတ်ဆိုသည့် အသိရှိရန်လိုအပ်ပါသည်။ မိမိတို့၏ကိုယ်ပိုင်ဉာဏ်ဖြင့် ကွပ်ကဲကာ မည်သည့်အရာကိုယူမည်။ မည်သို့တိုးတက်အောင်ဆောင်ရွက်မည်။ မိမိတို့နိုင်ငံစရိုက်၊ မိမိတို့နိုင်ငံသဘာဝနှင့် ကိုက်ညီအောင် မည်သို့သော အနှစ်သာရကိုထည့်သွင်းမည်။ မည်သို့သော အသွင်သဏ္ဌာန်ကိုဖြစ်ထွန်းစေမည်ဟု စဉ်းစားဆုံးဖြတ်သင့်ပါသည်။ ကြိုးစားလုပ်ဆောင်နေသင့်ပါသည်။ ဉာဏ်ဖြင့်ကွပ်ကဲပါက အမှားနည်းမည်။ မှန်ရာကိုရွေးချယ်နိုင်မည်။ ပိုမိုတိုးတက်အောင်၊ အဆင်ချောအောင် ပြုပြင်နိုင်မည်ဖြစ်ပါသည်။

သတိမြဲပါစေဟုပြောခြင်းသည် မြတ်စွာဘုရား၏အရေးအကြီးဆုံး ဆုံးမစကားကို တစ်ဆင့်လက်ဆောင်ပေးခြင်းဖြစ်ပါသည်။ ဉာဏ်ဖြင့်ကွပ်ကဲရာတွင် သတိမြဲသည်ဆိုပါက အားလွန်စရာအကြောင်း မရှိတော့ပါ။ ခေတ်တိုင်းတွင် ထက်မြက်တက်ကြွသော လူငယ်များ များစွာပေါ်ပေါက်လေ့ရှိပါသည်။ လူတိုင်း မိမိတို့လုပ်ချင်ရာကို အပြည့်အဝလုပ်နိုင်သည့်အဖြစ်နှင့် ကြုံသည်လည်းရှိသည်။ လုပ်လည်းလုပ်သည်။ အောင်မြင်သည်ဟုလည်းဆိုနိုင်သည်။ သို့သော် လုပ်လက်စကို လက်စမသတ်နိုင်သည်လည်းရှိသည်။ ထိုသို့ဖြစ်ရသည်မှာ ဉာဏ်မနည်းပါဘဲနှင့် ဉာဏ်ဖြင့်ကွပ်ကဲဖို့ သတိမထားမိသောကြောင့် အားလွန်သွားခြင်း၊ လေ့လော့်ရင်း တက်ကျိုးခြင်းများနှင့် ဥပမာပေး၍ရပါသည်။

လူတိုင်းတွင် လူဖြစ်ရကျိုးနပ်အောင် မိမိတို့၏အင်အားကို အစွမ်းကုန်သုံးနိုင်ရန်လိုအပ်ပါသည်။ ထိုသို့စွမ်းအားထုတ်ယူရာတွင် မိမိ၏ဉာဏ်ပါသော မျက်စိ၊ ဉာဏ်ပါသောနားများကို ဖွင့်ကာ ဖွင့်ကာ ပညာရှာနိုင်ရပါမည်။ ထိုသို့ ဆောင်ရွက်ရာတွင် အားမလွန်စေရန်၊ လှေလှော်ရင်း တက်မကျိုးစေရန်၊ သတိမြဲမြဲရန် လိုအပ်သည့်အကြောင်း စေတနာကောင်းဖြင့် တင်ပြလိုက်ရပါသည်။ ။

ရွှေပြည်သာမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နှင့် အမှတ်(၃)ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့ပူးပေါင်း၍ အလှူရှင် ဦးကိုကိုထွေး(တော်ဝင်ကုမ္ပဏီ)မှ လှူဒါန်းသော သဇင်အောင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ၂၇ရက်ကကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျီးညိုရှင်နှင့် အမှတ်(၃)ရပ်ကွက်ဥက္ကဋ္ဌ ဦးရှိန်တိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

ကျိုက်ဝိုင်းစေတီဗုဒ္ဓပူဇနိယပွဲတော်ကျင်းပ

ရန်ကုန် မတ် ၅

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်း စေတီတော်မြတ်ကြီး၏ (၁၄၂)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲအခမ်းအနားကို မတ်၂ရက် ညနေ ၅နာရီက စေတီတော်မြတ်ကြီး တောင်ဘက်မုခ်ဦးရှေ့တွင် ကျင်းပသည်။

အခမ်းအနားတွင် စေတီတော်မြတ်ကြီး၏ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အုန်း၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးငွေစိုးနှင့်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမြင့်တို့က ဘုရားပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ဝဲပုံ)**

ဆက်လက်၍ အခမ်းအနားကို ရင်ပြင်တော်ပေါ်ရှိ အောင်မြေရုံကြီးတွင် ကျင်းပရာ ဧည့်ပရိသတ်တို့က ဆရာတော် သံဃာတော်အရှင်သူမြတ်တို့ထံမှ ပရိတ်တရားနာယူ၍ ရေစက်ချ အမျှအတမ်းပေးဝေကြသည်။

(သတင်းစဉ်)

ဘုရားဖြူစမ္မသဘင်

ရန်ကုန် မတ် ၅

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ဘုရားဖြူ ကျောင်းတိုက်၌ မတ် ၆ ရက်(တနင်္ဂနွေနေ့)တွင် ဦးစန္ဒာဝရ (ရွှေဟသ်ာ)၊ ၇ ရက် (တနင်္လာနေ့) တွင် ဦးတေဇနိယ ဉာဏ(သစ္စာရွှေဂူ)၊ ၈ရက်(အင်္ဂါနေ့) တွင် ဦးသောဘဏ (အဘယာရာမ သာကေတ)၊ ၉ ရက် (ဗုဒ္ဓဟူးနေ့)တွင် ဦးစန္ဒောဘာသ (ဓမ္မဗိမာန်) ဆရာတော်များက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဟုသိရသည်။**(က-ပ)**

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက်တိုင်းရင်းသားလူမျိုးများအစဉ်အဆက်ကျင့်သုံးခဲ့သည့်ရိုးရာဓလေ့ထုံးတမ်းနှင့်အညီဆောင်ရွက် ဥပဒေအရကန့်သတ်ထားသည်မှအပ ကျန်မှုခင်းများကို ရိုးရာဓလေ့ထုံးတမ်းနှင့်အညီဆောင်ရွက်ခွင့်ရှိ၍သီးခြားပြဋ္ဌာန်းရန်မလို

✡ ကျောဖုံးမှ

"၁။ တရားစီရင်ရေး၊

၂။ ရှေ့နေများ၊

၃။ ပြစ်မှုဆိုင်ရာဥပဒေများ၊ ကျင့်ထုံးများ၊

၄။ တရားမဥပဒေများ၊ ကျင့်ထုံးများအပါအဝင် ပဋိညာဉ်၊ အနုညာတ စီရင်ဆုံးဖြတ်ရေး၊တရားစွဲဆိုပိုင်ခွင့်ရှိသောနစ်နာချက်များ၊ လူမွဲအဖြစ်ခံယူခြင်း၊ ယုံမှတ်အပ်နှံခြင်းနှင့်ယုံမှတ်အပ်နှံထားသဖြင့် စီမံပိုင်ခွင့်ရှိသူများ၊ အမွေထိန်းနှင့်ပစ္စည်းထိန်း၊ မိသားစုဆိုင်ရာ ဥပဒေများ၊အုပ်ထိန်း သူများနှင့်အုပ်ထိန်းခံရသူများ၊ ပစ္စည်းလွှဲပြောင်းခြင်း၊ အမွေဆက်ခံရေး၊

၅။ သက်သေခံဥပဒေ၊

၆။ ကာလစည်းကမ်းသတ်၊

၇။ အမှုတန်ဖိုးသတ်မှတ်ခြင်း၊

၈။ သီးခြားသက်သာခွင့်၊

၉။ နိုင်ငံခြားစီရင်ပိုင်ခွင့်အာဏာ၊

၁၀။ ပင်လယ်ရေကြောင်းစီရင်ပိုင်ခွင့်၊

၁၁။ ပင်လယ်ဓားပြမှုများ၊ နိုင်ငံတကာပင်လယ်ပြင် သို့မဟုတ် ကောင်းကင်ယံ၌ ကျူးလွန်သော ပြစ်မှုများ၊ အပြည်ပြည်ဆိုင်ရာဥပဒေကို ဖောက်ဖျက်၍ မြေပြင်သို့မဟုတ် နိုင်ငံတကာ ပင်လယ်ပြင်သို့မဟုတ် ကောင်းကင်ယံ၌ ကျူးလွန်သောပြစ်မှုများ"

ဟု ချမှတ်သင့်ကြောင်းကို ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များဖြစ်သည့် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၊ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့နှင့်နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ပါဝင်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ 'ဝ'အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့က အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရကြောင်း။

အမျိုးသား ညီလာခံကိုယ်စားလှယ်အစုအဖွဲ့အလိုက် သီးခြားအကြံပြုချက်များလည်းဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်သော တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များဖြစ်ကြသည့် ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ ဒေါက်တာမှုထန်နှင့် ရှမ်းပြည်နယ် ရွာငံမြို့နယ် မဲဆန္ဒနယ်မှ ဦးအောင်သိန်းတို့က–

"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ထည့်သွင်းချမှတ်သင့်သည့် တရားစီရင်ရေးနှင့်စပ်လျဉ်းပြီး ဆက်လက်တင်ပြဆွေးနွေးလိုကြောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် နေထိုင်လျက်ရှိကြသော တိုင်းရင်းသားလူမျိုးများအတွက် ၎င်းတို့နှင့် သက်ဆိုင်ရာလူမျိုးအလိုက် ကျင့်သုံးခဲ့သော ရိုးရာဓလေ့ထုံးတမ်းအရ ညှိနှိုင်းဖြေရှင်းခြင်းကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် ပြည်ထောင်စုဥပဒေနှင့်မဆန့်ကျင်စေဘဲ ဒေသအခြေအနေအရ ထိုက်သင့်အားလျော်စွာ ကျင့်သုံးဆောင်ရွက်စေသင့်ပါကြောင်း"

အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရကြောင်း။

အထက်ပါအကြံပြုချက်နှင့် သဘောသဘာဝချင်းတူညီစွာ ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်မြို့နယ်မှ တစ်သီးပုဂ္ဂလိကကိုယ်စားလှယ် ဦးထွန်းကျော်နှင့် ညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့တို့ကလည်း **'ပြည်ထောင်စုက ပြဋ္ဌာန်းသော ဥပဒေများနှင့် မဆန့်ကျင်သရွေ့ တိုင်းရင်းသားဒေသများတွင် မိမိတို့၏ရိုးရာဓလေ့ထုံးတမ်းများနှင့်အညီ စီရင်ဆုံးဖြတ်ခွင့်ပြုပါရန်'** အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရကြောင်း။

ထိုအကြံပြုချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရမည်ဆိုလျှင် ပြည်ထောင်စုမြန်မာနိုင်ငံရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် တိုင်းရင်းသားလူမျိုးများသည် မိမိတို့အစဉ်အဆက် ကျင့်သုံးခဲ့ကြသည့် ရိုးရာဓလေ့ထုံးတမ်းများနှင့်အညီ ကြီးသည့်အမှုငယ်အောင်၊ ငယ်သည့်အမှုပပျောက်အောင် ညှိနှိုင်းဆောင်ရွက်လျက်ရှိနေကြကြောင်း၊ ဥပဒေအရ ကန့်သတ်ထားသည်မှအပ ကျန်မှုခင်းများကိုလည်း မိမိတို့နှင့်သက်ဆိုင်သည့် ရိုးရာဓလေ့ထုံးတမ်းနှင့်အညီ ဆောင်ရွက်ခွင့်ရရှိနေကြပြီးဖြစ်၍ သီးခြားဥပဒေပြဋ္ဌာန်းရန်လိုအပ်မည်မဟုတ်ပါကြောင်းကို ပြောကြားလိုကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က–

"ပင်လယ်ဓားပြမှုများ၊ နိုင်ငံတကာပင်လယ်ပြင် သို့မဟုတ် ကောင်းကင်ယံ၌ ကျူးလွန်သောပြစ်မှုများ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေကိုဖောက်ဖျက်၍ မြေပြင် သို့မဟုတ် နိုင်ငံတကာပင်လယ်ပြင် သို့မဟုတ် ကောင်းကင်ယံ၌ ကျူးလွန်သောပြစ်မှုများ" စကားရပ်အစား **"အပြည်ပြည်ဆိုင်ရာရေပြင်နှင့် မြန်မာ့ရေမြေ၊ လေပိုင်နက်အတွင်းဖြစ်ပွားသော ကျူးလွန်သောပြစ်မှုများ"** ဟု အစားထိုးပြောင်းလဲပေးပါရန် အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရကြောင်း။

ယင်းအကြံပြုချက်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရမည်ဆိုလျှင် မိမိနိုင်ငံ၏ပိုင်နက်အတွင်း ဖြစ်ပွားသောပြစ်မှုများကို မိမိတို့၏ တရားရုံးများက စစ်ဆေးစီရင်ပိုင်ခွင့်ရှိပြီးဖြစ်ကြောင်း၊ ယခုအကြံပြုချက်ပါ စကားရပ်ကိုအသုံးပြုလျှင် အဓိပ္ပာယ်ပြည့်စုံမှုရှိရန် လိုအပ်နေမည်ဖြစ်ကြောင်းကို တွေ့ရကြောင်း၊ နိုင်ငံတကာကောင်းကင်ယံ၌ကျူးလွန်သည့် ပြစ်မှုများ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေကို ဖောက်ဖျက်၍ မြေပြင်၌ကျူးလွန်သည့် ပြစ်မှုများအကျုံးမဝင်သည့် သဘောသက်ရောက်သွားစေနိုင်ကြောင်း၊ မူလ ရှင်းလင်းတင်ပြထားသည့် စကားရပ်သည် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ယနေ့နိုင်ငံတကာမှာပါ သုံးနှုန်းနေကြသည့်အတွက် မူလကတင်ပြထားသောစကားရပ်ကို သုံးနှုန်းခြင်းက အဓိပ္ပာယ်ပိုမိုပြည့်စုံစေမည်ဖြစ်ကြောင်း ပြောကြားအပ်ပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသောကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သည့် နိုင်ငံရေးပါတီမှ ကိုယ်စားလှယ်များက ယင်းတို့ပါတီ၏ သဘောထားအတိုင်း တင်ပြသွားကြကြောင်း။

ယင်းအစုအဖွဲ့တွင်ပါဝင်သော တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များကလည်း လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြခဲ့သည့်အချက်များကို အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း၊ ယင်းတို့၏ ဆန္ဒသဘောထားများကို သီးခြားစီတင်ပြသွားကြသည်ကို တွေ့ရှိရကြောင်း။

ထို့ကြောင့် ညီလာခံကိုယ်စားလှယ်အများအပြား၏ အကြံပြုချက်များနှင့်အညီ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရမည့် တရားစီရင်ရေးကဏ္ဍဆိုင်ရာ အကြောင်းကိစ္စများနှင့် စပ်လျဉ်းပြီး–

"၁။ တရားစီရင်ရေး

၂။ ရှေ့နေများ

၃။ ပြစ်မှုဆိုင်ရာဥပဒေများ၊ ကျင့်ထုံးများ၊

၄။ တရားမဥပဒေများ၊ ကျင့်ထုံးများအပါအဝင်၊ ပဋိညာဉ်၊ အနုညာတ စီရင်ဆုံးဖြတ်ရေး၊ တရားစွဲဆိုပိုင်ခွင့်ရှိသော နစ်နာချက်များ၊ လူမွဲအဖြစ်ခံယူခြင်း၊ ယုံမှတ်အပ်နှံခြင်းနှင့် ယုံမှတ်အပ်နှံထားသဖြင့် စီမံပိုင်ခွင့်ရှိသူများ၊ အမွေထိန်းနှင့်ပစ္စည်းထိန်း၊ မိသားစုဆိုင်ရာ ဥပဒေများ၊ အုပ်ထိန်းသူများနှင့် အုပ်ထိန်းခံရသူများ၊ ပစ္စည်းလွှဲပြောင်းခြင်း၊ အမွေဆက်ခံရေး၊

၅။ သက်သေခံဥပဒေ၊

၆။ ကာလစည်းကမ်းသတ်၊

၇။ အမှုတန်ဖိုးသတ်မှတ်ခြင်း၊

၈။ သီးခြားသက်သာခွင့်၊

၉။ နိုင်ငံခြားစီရင်ပိုင်ခွင့်အာဏာ၊

၁၀။ ပင်လယ်ရေကြောင်းစီရင်ပိုင်ခွင့်၊

၁၁။ ပင်လယ်ဓားပြမှုများ၊ နိုင်ငံတကာပင်လယ်ပြင် သို့မဟုတ် ကောင်းကင်ယံ၌ ကျူးလွန်သောပြစ်မှုများ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေကို ဖောက်ဖျက်၍ မြေပြင် သို့မဟုတ် နိုင်ငံတကာပင်လယ်ပြင် သို့မဟုတ် ကောင်းကင်ယံ၌ကျူးလွန်သော ပြစ်မှုများ"

ဟု အသေးစိတ်အခြေခံရမည့်မူများ ချမှတ်လိုက်ပါကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေးက **"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များ၏ ဥပဒေပြုခွင့်အာဏာ"**ကို ဖတ်ကြားတင်ပြရာ၌–

ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များ၏ ဥပဒေပြုခွင့်အာဏာနှင့်စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများကို ၂၀၀၄ခုနှစ် မေလ ၂၁ ရက်တွင် ကျင်းပခဲ့သော အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းတင်ပြခဲ့ကြောင်း၊ ထိုရှင်းလင်းတင်ပြချက်နှင့်စပ်လျဉ်း၍ ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များက အကြံပြုဆွေးနွေးခဲ့ကြပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များ၏ ဥပဒေပြုခွင့်အာဏာတွင်ပါရှိသင့်သည့် အသေးစိတ်အခြေခံရမည့်မူများအဖြစ်–

"(က) မြို့ပြနှင့်ကျေးရွာစီမံကိန်းများ(Town and Village Plan)၊

(ခ) လမ်းများဖောက်လုပ်ပြုပြင်ထိန်းသိမ်းရေး၊

(ဂ) ပြည်သူ့ကျန်းမာရေး၊

(ဃ) စည်ပင်သာယာရေးလုပ်ငန်း၊

(င) မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊

(စ) စားကျက်မြေများထိန်းသိမ်းရေး၊

(ဆ) သစ်တောများကာကွယ်ထိန်းသိမ်းရေး၊

(ဇ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊

(ဈ) မြို့နှင့်ကျေးရွာများအတွင်း ရေနှင့်လျှပ်စစ်မီးဆိုင်ရာကိစ္စ၊

(ည) မြို့များနှင့်ကျေးရွာများ၏ ဈေးများဆိုင်ရာကိစ္စ"

ဟုချမှတ်သင့်ကြောင်းကို ညီလာခံကိုယ်စားလှယ် အစုအဖွဲ့များဖြစ်ကြသည့် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၊ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ အသိပညာရှင်အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့နဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သည့် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့ချုပ်၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ၊ 'ဝ' အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့က အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့အလိုက် သီးခြားအကြံပြုချက်များကိုလည်းဆက်လက်တင်ပြသွားမည်ဖြစ်ပါကြောင်း။

ညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သော နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့က လုပ်ငန်းကော်မတီဥက္ကဋ္ဌရှင်းလင်းတင်ပြချက်၏ အမှတ်စဉ်(ဇ)ရှိ 'သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး' ဆိုသောစကားရပ်အစား **'ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး'**ဟု ပြင်ဆင်ရန်အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရပါကြောင်း။

စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့်သစ်တောကဏ္ဍ ပြည်ထောင်စုဥပဒေပြုစာရင်းအမှတ်စဉ်(၃)တွင် **'သတ္တုများ၊ သတ္တုတွင်းများ၊ သတ္တုတွင်းအလုပ်သမားဘေးကင်းရေး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပြန်လည်ပြုပြင်တည်ဆောက်ရေး'**ဟူ၍လည်းကောင်း ၊ အမှတ်စဉ်(၇)တွင် **'တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် သဘာဝနယ်မြေများအပါအဝင် ပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေး'**ဟူ၍လည်းကောင်း ပါရှိပြီးဖြစ်ကြောင်း၊ ပြည်ထောင်စု လွှတ်တော်ကလည်း ယင်းကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ဥပဒေများ ပြဋ္ဌာန်းမည်ဖြစ်သည့်အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု ဦးစီးအဖွဲ့များက မိမိတို့၏ဒေသအတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စပ်လျဉ်းပြီး ဥပဒေပြဋ္ဌာန်းသည့်အခါ ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ကြရမည်ဖြစ်သည့်အတွက်ကြောင့် **'ပြည်ထောင်စုက ပြဋ္ဌာန်းသောဥပဒေနှင့်အညီ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး'**ဟု ဖော်ပြသင့်ကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သော အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က "အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြသောအချက် ၁၀ ချက်အပြင် အောက်ပါအချက်နှစ်ချက်ကို နိုင်ငံတော်မှဥပဒေပြဋ္ဌာန်းရာတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များ၌ လုပ်ပိုင်ခွင့်ရရှိရေးအတွက်ထည့်သွင်းစဉ်းစားပေးပါရန် တင်ပြအပ်ပါကြောင်း။

နံပါတ်(၁) **စာပေ၊ ယဉ်ကျေးမှုထိန်းသိမ်းရေးနှင့်** နံပါတ်(၂) **ဒေသထူးခြားချက်အရ လိုအပ်သောအုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာများ၊ နယ်စပ်ကုန်သွယ်ရေး၊ နယ်စပ်ဖြတ်သန်းခွင့်** တို့ဖြစ်ကြောင်း။

ထို့အပြင် အောက်ပါအချက်များကို စကားရပ်အစားထိုးပြောင်းလဲပေးပါရန် အကြံပြုတင်ပြအပ်ပါကြောင်း။

အမှတ်စဉ်(ခ) 'လမ်းများဖောက်လုပ်ပြုပြင်ထိန်းသိမ်းရေး' အစား **"လမ်းများဖောက်လုပ်ရေး၊ တံတားတည်ဆောက်ရေးနှင့် လမ်းတံတားများပြုပြင်ထိန်းသိမ်းရေး"** စကားရပ်ဖြင့်လည်းကောင်း၊ အမှတ်စဉ်(ဆ) 'သစ်တောများကာကွယ်ထိန်းသိမ်းရေး' အစား **'သဘာဝသစ်တောများ၊ပုဂ္ဂလိကပိုင်ကျွန်းအပါအဝင်ဖြစ်သည့် သစ်တောစိုက်ခင်းများကာကွယ်ထိန်းသိမ်းရေး'** စကားရပ်ဖြင့်လည်းကောင်း အစားထိုးပေးပါရန်ဟု အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရကြောင်း။

ယင်းအကြံပြုချက်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရမည်ဆိုလျှင် ချမှတ်ပြီးဖြစ်သည့်အခြေခံမူထဲ၌ တိုင်းရင်းသားများနှင့်ပတ်သက်၍ **'နိုင်ငံတော်သည် တိုင်းရင်းသားများ၏စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်'**ဟုဖော်ပြထားပြီးဖြစ်ကြောင်း၊ ယခုလည်း နိုင်ငံတော်က တိုင်းရင်းသားစာပေ၊ ယဉ်ကျေးမှုတို့ကို အားပေးနေသကဲ့သို့ နောင်လည်းလိုအပ်လျှင် လိုအပ်သကဲ့သို့ ဆောင်ရွက်သွားနိုင်ရေးအတွက် မှတ်တမ်းတင်ထားမည်ဖြစ်ကြောင်း ပြောကြားအပ်ပါကြောင်း။

ဒေသထူးခြားချက်အရ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေး ဆိုင်ရာများဆိုသည့် အချက်များသည် စီမံခန့်ခွဲရေးဆိုင်ရာလုပ်ပိုင်ခွင့်၊ တရားစီရင်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်အပိုင်းများနှင့်သာ သက်ဆိုင်အကျုံးဝင်သည့် ကိစ္စရပ်များသာဖြစ်ကြောင်း၊ တရားစီရင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရန် အသေးစိတ်အခြေခံရမည့် မူများချမှတ်ခဲ့ပြီး ဖြစ်ကြောင်း၊ နယ်စပ်ကုန်သွယ်ရေးနှင့် နယ်စပ်ဖြတ်သန်းခွင့်တို့သည် ပြည်ထောင်စုဥပဒေပြုစာရင်းတွင်ဖော်ပြရန်အတွက် နိုင်ငံခြားရေးကဏ္ဍနှင့် စီးပွားရေးကဏ္ဍတို့တွင် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်ခဲ့ပြီးဖြစ်ပါကြောင်း ရှင်းလင်းတင်ပြလိုကြောင်း။

သစ်တောများကာကွယ်ထိန်းသိမ်းရေးဆိုသည့်စကားရပ်သည် အဓိပ္ပာယ်ပြည့်စုံပြီးဖြစ်ကြောင်း၊ထိုစကားရပ်ထဲတွင် သဘာဝသစ်တောလည်းအကျုံးဝင်မည်ဖြစ်သကဲ့သို့ လူတို့စိုက်ပျိုးသည့် သစ်တောများလည်း အကျုံးဝင်မည်ဖြစ်ကြောင်း၊ သစ်တောထဲ၌ ပေါက်ရောက်နေသော သစ်အမျိုးအစားများအားလုံး အကျုံးဝင်ပြီးဖြစ်၍ သီးခြားစီဖော်ပြရန် လိုအပ်မည်မဟုတ်ပါကြောင်း ပြောကြားလိုကြောင်း။

အမှတ်စဉ်(ခ) 'လမ်းများဖောက်လုပ်ပြုပြင်ထိန်းသိမ်းရေး' အစား **'လမ်းများဖောက်လုပ်ရေး၊ တံတားတည်ဆောက်ရေးနှင့် လမ်းတံတားများပြုပြင်ထိန်းသိမ်းရေး'** ဟုပြင်ဆင်ပေးရန် အကြံပြုချက်သည် ကောင်းမွန်ကြောင်း၊ သို့သော်လည်း ဥပဒေပြုစာရင်းတွင် ခေါင်းစဉ်အဖြစ်ထည့်သွင်းခြင်းဖြစ်သောကြောင့် အသုံးအနှုန်းကျစ်လျစ်ရန်လိုကြောင်း၊ မူလရှင်းလင်းတင်ပြချက်တွင် လမ်းများဖောက်လုပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းများအကျုံးဝင်ပြီးဖြစ်၍ လိုအပ်နေသည့် **'တံတား'** နှင့် **'တည်ဆောက်'**ဆိုသည့် ဝေါဟာရကို ဖြည့်စွက်လိုက်မည်ဆိုလျှင် အဓိပ္ပာယ်ပြည့်စုံသွားစေမှာဖြစ်ကြောင်း၊ ထို့ကြောင့် **'လမ်းတံတားများဖောက်လုပ်၊ တည်ဆောက်၊ ပြုပြင်ထိန်းသိမ်းရေး'**ဟု သုံးနှုန်းခြင်းသည် ကောင်းမွန်သင့်မြတ်ပြီး အလေးအနက်ထားစဉ်းစားသင့်ကြောင်း သုံးသပ်ရရှိကြောင်း။

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက်ဖြစ်သည့် 'သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး'ဆိုသောစကားရပ်အစား **'ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး'**ဟု ပြင်ဆင်ရန် အကြံပြုချက်ကိုလည်း အလေးအနက်ထားစဉ်းစားသင့်ကြောင်း သုံးသပ်ရရှိကြောင်း။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့

စာမျက်နှာ ၁၁ မှ

ယင်းအကြံပြုချက်များနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက သဘာပတိအဖွဲ့ဝင်များနှင့် ညှိနှိုင်းခဲ့ကြောင်း၊ သဘာပတိအဖွဲ့ဝင်များကလည်း မိမိတို့နှင့်သက်ဆိုင်သည့် ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များနှင့် ပြန်လည်ညှိနှိုင်းပြီး ကိုယ်စားလှယ်အစုအဖွဲ့များ၏ သဘောထားများကို အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီသို့စာဖြင့် တင်ပြခဲ့ကြ ကြောင်း၊ ညီလာခံကိုယ်စားလှယ်အစုအဖွဲ့အများအပြားက 'လမ်းတံတားများ ဖောက်လုပ်၊ တည်ဆောက်၊ ပြုပြင်ထိန်းသိမ်းရေး'ဟု လည်းကောင်း၊ 'ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး'ဟုလည်းကောင်း ဖော်ပြသင့်ကြောင်းအကြံပြုခဲ့ကြသည်ကို တွေ့ရှိရကြောင်း။

ညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သည့် နိုင်ငံရေးပါတီမှ ကိုယ်စားလှယ်များက ယင်းတို့ပါတီ၏သဘောထားအတိုင်း တင်ပြသွားကြပါကြောင်း။

ထိုအစုအဖွဲ့တွင်ပါဝင်သည့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များကလည်း လုပ်ငန်းကော်မတီဥက္ကဋ္ဌရှင်းလင်းတင်ပြခဲ့သည့်အချက်များကို အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း ယင်းတို့၏ဆန္ဒသဘောထားများကို သီးခြားစီတင်ပြသွားကြသည်ကို တွေ့ရှိရကြောင်း။

ထို့ကြောင့် ညီလာခံကိုယ်စားလှယ်အများအပြား၏ အကြံပြုချက်များနှင့်အညီ–

ဥပဒေပြုရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းတွင်ပါဝင်သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများအား ဥပဒေပြုခွင့်အာဏာခွဲဝေအပ်နှင်းရေးနှင့် စပ်လျဉ်းပြီး–

"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များအား မိမိတို့တိုင်း သို့မဟုတ် ဒေသအတွက် အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ဥပဒေပြုခွင့်အာဏာများကို ခွဲဝေအပ်နှင်းသည်–

(က) မြို့ပြနှင့်ကျေးရွာစီမံကိန်းများ(Town and Village Plan)၊
(ခ) လမ်းတံတားများဖောက်လုပ်၊ တည်ဆောက်ပြုပြင်ထိန်းသိမ်းရေး၊
(ဂ) ပြည်သူ့ကျန်းမာရေး၊
(ဃ) စည်ပင်သာယာရေးလုပ်ငန်း၊
(င) မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊
(စ) စားကျက်မြေများထိန်းသိမ်းရေး၊
(ဆ) သစ်တောများကာကွယ်ထိန်းသိမ်းရေး၊
(ဇ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊
(ဈ) မြို့နှင့်ကျေးရွာများအတွင်း ရေနှင့်လျှပ်စစ်မီးဆိုင်ရာကိစ္စ၊
(ည) မြို့များနှင့်ကျေးရွာများ၏ ဈေးများဆိုင်ရာကိစ္စ"

ဟု အသေးစိတ်အခြေခံရမည့်မူများ ချမှတ်လိုက်ပါကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် တရားရုံးချုပ် တရားသူကြီးဒေါက်တာတင်အောင်အေးက **"ပြည်ထောင်စု တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ဥပဒေပြုစာရင်းများတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေပြုအာဏာခွဲဝေအပ်နှင်းရေး"**ကို ဖတ်ကြားတင်ပြရာ၌ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ ပြည်ထောင်စု တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းများတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေပြုပိုင်ခွင့်အာဏာကို ပြည်ထောင်စုလွှတ်တော်သို့ အပ်နှင်းရေးအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူနှင့် စပ်လျဉ်းပြီး ၂၀၀၄ခုနှစ် မေလ၂၁ရက်တွင် ကျင်းပခဲ့သော အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းတင်ပြခဲ့ကြောင်း၊ ထိုရှင်းလင်းတင်ပြချက်နှင့်စပ်လျဉ်း၍ ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များက အကြံပြုဆွေးနွေးခဲ့ကြပြီး အသေးစိတ် အခြေခံရမည့်မူအဖြစ်– "ပြည်ထောင်စု တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းများတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေပြုပိုင်ခွင့်အာဏာကို ပြည်ထောင်စုလွှတ်တော်သို့အပ်နှင်းသည်"ဟု ချမှတ်သင့်ကြောင်းကို ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များဖြစ်သည့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၊ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့၊ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့နှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့ချုပ်၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ၊ 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့က အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရကြောင်း။

ညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော နိုင်ငံရေးပါတီမှ ကိုယ်စားလှယ်များက ယင်းတို့ပါတီ၏ သဘောထားအတိုင်းတင်ပြသွားကြကြောင်း။

ထိုအစုအဖွဲ့တွင် ပါဝင်သည့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များကလည်း လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြခဲ့သည့် အချက်ကို အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ကြောင်း၊ ယင်းတို့၏ ဆန္ဒသဘောထားများကို သီးခြားစီတင်ပြသွားကြသည်ကို တွေ့ရှိရကြောင်း။

ထို့ကြောင့် ညီလာခံကိုယ်စားလှယ်အများအပြား၏ အကြံပြုချက်များနှင့်အညီ ဥပဒေပြုရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းတွင် ပါဝင်သည့် ပြည်ထောင်စု တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုဦးစီးအဖွဲ့များ၏ ဥပဒေပြုစာရင်းတွင် ဖော်ပြမထားသည့် ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး **"ပြည်ထောင်စု၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းများတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေပြုပိုင်ခွင့်အာဏာကို ပြည်ထောင်စုလွှတ်တော်သို့ အပ်နှင်းသည်"**ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်လိုက်ပါကြောင်းဖြင့် ဖတ်ကြားတင်ပြသွားသည်။

၂၀၀၅ ခုနှစ် မတ် ၃ ရက်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ကျင်းပသော အမျိုးသားညီလာခံစုံညီ အစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းအတွက်အသေးစိတ် အခြေခံရမည့်မူများ ချမှတ်ရေးနှင့်စပ်လျဉ်း၍ "ပြည်ထောင်စုနယ်မြေများအတွက် ဥပဒေပြုခွင့်အာဏာ"၊ "လွှတ်တော်အဆင့်ဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များက ပြဋ္ဌာန်းသည့်ဥပဒေများ၏ အကျိုးသက်ရောက်မှု"၊ "ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအကြား အခွန်တော်ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်း"တို့ကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌကိုယ်စား လုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးသောင်းညွန့်၏ ဖတ်ကြားတင်ပြချက်ကိုလည်းကောင်း၊ "ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုနှင့် တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်များအကြား အခွန်တော် ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်း"ကို အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌကိုယ်စား လုပ်ငန်းကော်မတီအဖွဲ့ဝင် တရားရုံးချုပ် တရားသူကြီး ဦးတင်အေး၏ ဖတ်ကြားတင်ပြချက်ကိုလည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့်ဥပဒေပြုရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ် အခြေခံရမည့်မူများ ချမှတ်ရေးနှင့်စပ်လျဉ်း၍ "ညီလာခံကိုယ်စားလှယ်အများအပြား၏ အကြံပြုချက်များနှင့်အညီ ချမှတ်ပြီး ဖြစ်သော အသေးစိတ်အခြေခံရမည့်မူများ"ကို အမျိုးသားညီလာခံကိုယ်စားလှယ်များ အလွယ်တကူသိရှိနိုင်ရန် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်တို့၏ စုစည်းတင်ပြချက်ကိုလည်းကောင်း မတ်၇ရက် ထုတ် သတင်းစာများတွင် ဆက်လက်ဖော်ပြသွားမည်ဖြစ်သည်။

(သတင်းစဉ်)

တပ်မတော်နေ့ဂုဏ်ပြု စုပေါင်းသန့်ရှင်းရေးဆောင်ရွက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန်တို့ ကြည့်ရှုအားပေး

ရန်ကုန် မတ် ၅

နှစ်(၆၀)ပြည့်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ ထာဝရသွေးလှူရှင် အဆိုပြုလွှာပေးအပ်ပွဲ၊ သွေးလှူဒါန်းပွဲနှင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်း အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန် အရှေ့ပိုင်းဆေးရုံကြီး၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့ တက်ရောက်အားပေးချီးမြှင့်ကြသည်။

တက်ရောက်

အခမ်းအနားသို့ အမှတ်(၄) စစ်ဒေသမှူး ဗိုလ်မှူးကြီးရန်နိုင်ဦး၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မြင့်ကြည်နှင့်အဖွဲ့ဝင်များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်နှင့် အဖွဲ့ဝင်များ၊ တိုင်းနှင့်ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ ခရိုင်အတွင်းရှိ မြို့နယ် ၁၄ မြို့နယ်မှ အသင်းအတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့် အသင်းဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ထာဝရသွေးလှူရှင် အဆိုပြုလွှာပေးအပ်ပွဲကို ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက အဖွင့်အမှာစကားပြောကြားသည်။

အဆိုပြုလွှာပေး

ဆက်လက်၍ ရန်ကုန်အရှေ့ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ခေတ္တ အတွင်းရေးမှူး ဦးဇော်အောင်က ထာဝရသွေးလှူရှင်အဖြစ် အဆိုပြုလွှာပေးအပ်ကြသည့် အသင်းဝင်အင်အား ၁၂၀၀ တို့၏ အမည်စာရင်းကို ပေးအပ်ရာ ဆေးရုံအုပ်ကြီး ဒေါက်တာမောင်မော်က လက်ခံယူသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်အဖွဲ့ဝင်များသည် အသင်းဝင်၆၂ဦးတို့၏ စုပေါင်းသွေးလှူဒါန်းနေမှု**(အပေါ်ပုံ)**နှင့် အသင်းဝင်အင်အား ၁၀၀၀တို့၏ သန့်ရှင်းရေးဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

စစ်ကြောင်းကြီးများ ချီတက်လေ့ကျင့်စဉ် လမ်းများ ခေတ္တပိတ်ထားမည်

ရန်ကုန် မတ် ၅

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့စစ်ကြောင်းကြီးများသည် မြို့မကွင်းမှ တော်လှန်ရေးပန်းခြံသို့ အသွား/အပြန်ချီတက် လေ့ကျင့်ကြမည်ဖြစ်ရာ မတ်(၁၂/၁၄/၁၅/၁၇/၁၉/၂၁/၂၂/၂၅)ရက်နှင့် တပ်မတော်နေ့ မတ်၂၇ရက်တို့တွင် ရွှေတိဂုံဘုရားလမ်း–ဦးဝိစာရလမ်း၊ ရွှေတိဂုံဘုရားလမ်း–ပန်တျာလမ်း၊ ရွှေတိဂုံဘုရားလမ်း–မော်ကွန်းတိုက်လမ်း၊ ရွှေတိဂုံဘုရားလမ်း–ဇီဝကလမ်း၊ ဦးထောင်ဘိုလမ်း–ကမ္ဘာအေးစေတီလမ်း(ဗဟန်းအဝိုင်းထိ)၊ အင်းလျားလမ်း–ဓမ္မစေတီလမ်း၊ ရွှေဂုံတိုင်လမ်း–ကမ္ဘာအေးစေတီလမ်း (ရွှေဂုံတိုင်မီးပွိုင့်အထိ)၊ ဦးဝိစာရလမ်း–ဟံသာဝတီအဝိုင်းထိပ်၊ ဦးဝိစာရလမ်း–ချင်းတွင်းလမ်း၊ ပြည်လမ်း–ဗားကရာလမ်း၊ ပြည်လမ်း–ဓမ္မစေတီလမ်း၊ အလုံလမ်း–ပြည်လမ်း၊ မနော်ဟရီလမ်း–ပြည်လမ်း၊ ပြည်ထောင်စုရိပ်သာလမ်း–ပြည်လမ်း၊ ပြည်လမ်း–စကားဝါလမ်း၊ မြို့မကျောင်းလမ်း–စမုံလမ်းတို့ကို ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာပြန်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၅

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် တရနာ–ကျွန်းကုန်းကျေးရွာ မင်္ဂလသာရဒီပကျောင်း၌ (၁၀၆)ကြိမ်မြောက် မဟာရင်ဂိုဏ်းလုံးဆိုင်ရာ စာပြန်ပွဲတော်ကြီးကို မတ် ၁၀ရက်မှ ၁၄ရက်အထိကျင်းပမည်ဖြစ်ရာ စာပြန်ပွဲတော်ကြီးတွင် ဂိုဏ်းချုပ်ဆရာတော် ဘဒ္ဒန္တ အာဒိစ္စ(အဂ္ဂမဟာပဏ္ဍိတ)နှင့် သံဃာတော်အပါး ၅၀၀တို့ ကြွရောက်စာပြန်မည်ဖြစ်ရာ သဒ္ဓါကြည်လင်ပါရမီရှင်အပေါင်းကြွရောက်ကြည်ညိုဖူးမြော်နိုင်ကြောင်းသိရသည်။

(က–ပ)

ရဲတပ်ဖွဲ့အငြိမ်းစား ပုညကုသလအသင်းစည်းဝေး

ရန်ကုန် မတ် ၅

မြန်မာနိုင်ငံရဲတပ်ဖွဲ့အငြိမ်းစား ပုညကုသလအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့်သက်ကြီးပူဇော်ပွဲကို ဖေဖော်ဝါရီ၂၀ရက် နံနက်၉နာရီက ဗဟန်းမြို့နယ် ကန်လမ်းရဲဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ၂၀၀၅ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်က သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ချီးမြှင့်ခြင်းခံရသော အသင်းစည်းရုံးရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး(ငြိမ်း) ဦးစိုးသိမ်းအား အသင်းဥက္ကဋ္ဌဦးခင်မောင်ဝင်းက ဂုဏ်ပြုလွှာပေးအပ်သည်။

ဆက်လက်၍ အသက်၈၀ပြည့်ပြီးသော အသင်းဝင်၂၇ဦးတို့အား အမှုဆောင်များနှင့်အသင်းဝင်များက ကန်တော့ကြသည်။ **(က–ပ)**

သဃ်န်းကျွန်းမြို့နယ် အမက (၂၃)၏ ၂၀၀၃–၂၀၀၄ ခုနှစ် ပညာရည်ချွန် ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၉ရက်က ကျောင်းခန်းမတွင်ပြုလုပ်ရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမရရှိသူ မောင်ထက်စိုးထိုက်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းမြင့်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က–ပ)

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အရှိန်အဟုန်ဖြင့်တိုးတက်လာစေရန် တွန်းအားပေးလျက်ရှိ တနင်္သာရီတိုင်းသည် စိုက်ပျိုးမြေနှင့် ရေဖူလုံစွာရှိ၍ ဒေသဖွံ့ဖြိုးရေးအလားအလာကောင်း လယ်သမားများကပါ စပါးအထွက်နှုန်းကောင်းမွန်ရေးပူးပေါင်းလုပ်ဆောင်

ရန်ကုန် မတ် ၅

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တနင်္သာရီတိုင်း၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုများနှင့်ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်ချက်များကို ဖြည့်ဆည်းစီမံပေးရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် မတ် ၃ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ ညနေ ၃ နာရီတွင် တနင်္သာရီတိုင်း မြိတ်မြို့သို့ရောက်ရှိသည်။

တွေ့ဆုံအားပေး

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် မတ် ၄ ရက် နံနက်ပိုင်းတွင် မြိတ်မြို့နယ် တုံးဗျောကျေးရွာအုပ်စု တုံးဗျောကြီးကျေးရွာ၌ ကျင်းပသော နွေစပါးစုပေါင်းမြေသြဇာကြဲပက်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး ဒေသခံတောင်သူလယ်သမားများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးသည်။

အခမ်းအနားတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တနင်္သာရီတိုင်း မန်နေဂျာ ဦးတင်မောင်မြင့်က တနင်္သာရီတိုင်း မြိတ်မြို့နယ် တုံးဗျောကြီးကျေးရွာ၌ နွေစပါးစိုက်ပျိုးထားရှိမှုနှင့် မြေသြဇာကြဲပက်မှု ၊ တနင်္သာရီတိုင်း၏ မိုးစပါး နွေစပါး တိုးတက်စိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းရုံးချုပ်မှ အထွေထွေမန်နေဂျာ ဦးစံညွန့်က ဆန်စပါးအထွက်နှုန်းကောင်းမွန်ရေး၊ တိုက်ရိုက်အစေ့ချ စိုက်ပျိုးရေး၊ စိုက်စနစ်မှန်ကန်ရေးနှင့် ဓာတ်မြေသြဇာနှင့်သဘာဝမြေသြဇာ ပေါင်းစပ်အသုံးပြုရေးဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က တနင်္သာရီတိုင်း၏ ဒေသဆန်ဖူလုံရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို**(အပေါ်ပုံ)**က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အရှိန်အဟုန်ဖြင့် တိုးတက်လာစေရန် တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း၊တနင်္သာရီတိုင်းတွင်တိုးတက်လာသောလူဦးရေနှင့်အညီ အဓိကစားသုံးသီးနှံဖြစ်သော စပါးစိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရန် တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုပါ တစ်ပါတည်း ဆောင်ရွက်ပေးသဖြင့် ဒေသဖွံ့ဖြိုးမှုရှိလာပြီဖြစ်သည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

ပူးပေါင်းလုပ်ဆောင်

ဤကဲ့သို့ နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးရုံဖြင့် ဒေသဆန်မဖူလုံနိုင်ကြောင်း၊ တောင်သူလယ်သမားများကပါ ပါဝင်၍ စပါးစိုက်ပျိုးမှုနည်းစနစ်မှန်ကန်ရေး၊ စပါးအထွက်နှုန်းကောင်းမွန်ရေး၊ ဒေသဖွံ့ဖြိုးရေးတို့ကို ပါပူးပေါင်း လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

တနင်္သာရီတိုင်းသည် စိုက်ပျိုးနိုင်သောမြေနှင့်စိုက်ပျိုးရေဖူလုံစွာရှိသည့်အတွက် ဒေသဆန်ဖူလုံနိုင်သည့်အပြင် ပိုလျှံသည်အထိ ဆောင်ရွက်နိုင်သော အလားအလာ ကောင်းများရှိသော တိုင်းတစ်တိုင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းအပြင် ရေလုပ်ငန်းအရင်းအမြစ်လည်းရှိသဖြင့် ဒေသဖွံ့ဖြိုးတိုးတက်အောင် အဘက်ဘက်က ဆောင်ရွက်နိုင်သော တိုင်းလည်းဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းအတွင်းရှိ ပြည်သူများအနေဖြင့် မိမိတိုင်းဒေသဆန်ဖူလုံရေး၊ ဒေသဖွံ့ဖြိုးရေးအတွက် တက်ညီလက်ညီ ကြိုးစားဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

ယခု နွေစပါးစိုက်ခင်းများကို ဓာတ်မြေသြဇာနှင့်သဘာဝမြေသြဇာများပေါင်းစပ်၍ ကြဲပက်ကြရမည်ဖြစ်ကြောင်း၊ဒေသနေ တောင်သူလယ်သမားများကတစ်ဆင့် နွေစပါးစိုက်ပျိုးအောင်မြင်မှု၏နမူနာကောင်းများကို ယူ၍ အခြားသော ကျေးရွာများမှ တောင်သူများအား အသိပေးစေလိုကြောင်း တိုက်တွန်းမှာကြားသည်။

ယင်းနောက် ဒေသခံတောင်သူလယ်သမားများက နွေစပါးစိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းစီမံဆောင်ရွက်ပေးသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တုံးဗျောကြီးကျေးရွာမှ တောင်သူ ၄၆ ဦးတို့၏ စိုက်ခင်း ၂၂၂ ဧကကို တုံးဗျောကြီးချောင်းမှ ရေကိုပိတ်၍ ရေသွယ်မြောင်းများဖြင့် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ထားရှိမှုနှင့် နွေစပါးစိုက်ခင်းများကို သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာ ပေါင်းစပ်ကြဲပက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူလယ်သမားများနှင့် ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့နယ် ကျောက်ဖျာကျေးရွာသို့ ရောက်ရှိကြရာ ကျေးရွာရှိယာယီ ရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တနင်္သာရီတိုင်း အင်ဂျင်နီယာမှူးကြီး ဦးဘဝမ်းနှင့် တိုင်းစည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးတင်အောင်တို့က မြိတ်မြို့နှင့် ဒေသပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေး စီစဉ်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရေရှည်တည်တံ့ရန်

ယင်းနောက် အဒွင်း-ပရည်တောင်လမ်းပေါ်ရှိ ပရည်တောင်ကျေးလက်တံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက တံတားကို စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး၊ ရေရှည်တည်တံ့ခိုင်မာအောင် တည်ဆောက်ရေးတို့ကို တာဝန်ရှိသူတို့အား မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် မြိတ်-တနင်္သာရီလမ်းပေါ်ရှိ ကျွဲကူး-ကျောက်ဖျာ တံတားကြီးထိပ်၌ ဆောင်ရွက်နေသော တိုင်းမြို့တော် ဆိုင်းဘုတ်ကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် မြိတ်မြို့ စန္ဒဝတီကုန်းတော်ပေါ်ရှိ မဟာသိဒ္ဓိဇယစေတီတော်သို့ သွားရောက်ပြီး မဟာသိဒ္ဓိဇယစေတီတော် ရွှေထီးတော်တင် မဟာမင်္ဂလာ အခမ်းအနားကျင်းပရေးအတွက် ကော်မတီအသီးသီးနှင့်လုပ်ငန်းအဖွဲ့များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးသည်။

ကြည်ညို

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် မဟာသိဒ္ဓိဇယစေတီတော်အား လက်ယာရစ်တစ်ပတ်လှည့်ပတ်ကြည်ညိုကြပြီး သာသနိက အဆောက်အအုံများ တည်ဆောက်ထားရှိမှု အခြေအနေများကိုလည်း ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် မြိတ်-တနင်္သာရီကားလမ်းမှ မြိတ်မြို့ အမှတ်(၂)မြို့ပတ်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကိုသွားရောက်ကြည့်ရှု စစ်ဆေးကြသည်။

မှာကြား

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့ အမှတ်(၂)မြို့ပတ်လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးရာ မြို့ပတ်လမ်းမိုင်တိုင်အမှတ်(၁/၅)အနီး၌ လည်းကောင်း၊ မြိတ်မြို့အဝင် မြိတ်ဂေါက်သီးအသင်းရှေ့၌ လည်းကောင်း၊ အမှတ်(၂)မြို့ပတ်လမ်းဖောက်လုပ်ပြီးစီးမှုအခြေအနေနှင့် ပတ်ဝန်းကျင်အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

မြိတ်မြို့ အမှတ်(၂)မြို့ပတ်လမ်းသည် ငါးမိုင်ခန့်ရှည်လျားသည်။ ယခုအခါ ကျောက်ချောလမ်းခင်းကျင်းပြီးစီးမှုမှာ လေးမိုင် လေးဖာလုံကျော်ရှိပြီး ဂဝံမြေနီခင်းပြီးစီးမှုမှာ သုံးမိုင်ခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။ ကျန်ရှိနေသော လုပ်ငန်းများနှင့်လမ်း ထိန်းသိမ်းမွမ်းမံမှုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်အကြိုဂုဏ်ပြုညစာစားပွဲကျင်းပ

ရန်ကုန် မတ် ၅

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်က တည်ခင်းဧည့်ခံသည့် (၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်၊ ဆရာအတတ်ပညာ ဒီပလိုမာ သင်တန်းအမှတ်စဉ်(၃)နှင့် အလယ်တန်း ဆရာအတတ်သင်တန်း အမှတ်စဉ်(၁၄)တို့၏ သင်တန်းဆင်းပွဲအကြို ဂုဏ်ပြုညစာစားပွဲကို မတ် ၃ ရက် ညနေ ၆ နာရီတွင် တက္ကသိုလ်ရင်ပြင်၌ ကျင်းပသည်။

ညစာစားပွဲ အခမ်းအနားသို့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သာအေး၊ တက္ကသိုလ်ကောင်စီဝင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှကြည်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးကြီးဇော်မင်းသိန်းနှင့်ဇနီး၊ တက္ကသိုလ်ကောင်စီဝင်များ၊ ပြည်နယ်နှင့် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)ဒုတိယဗိုလ်မှူးကြီးညီညီစံ၊ ဒုတိယပါမောက္ခချုပ် (သင်ကြားရေး) ဒေါ်ခင်စီစီ၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ဖိတ်ကြားထားသူများနှင့် သင်တန်းဆင်း သင်တန်းသား သင်တန်းသူများတက်ရောက်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ရှေးဦးစွာ ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်တို့သည် သင်တန်းဆင်း သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ဂုဏ်ပြုညစာ စားပွဲကို ကျင်းပရာ ညစာသုံးဆောင်နေစဉ် ပြည်ထောင်စုစိတ်ဓာတ်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်မြင့်မားရေး တေးသီချင်းများဖြင့် ဧည့်ခံ၍ ညစာစားပွဲအပြီးတွင် သင်တန်းဆင်း သင်တန်းသား သင်တန်းသူများက တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဆိုအကများဖြင့်ဧည့်ခံဖျော်ဖြေသည်။

ဂုဏ်ပြုဆုငွေချီးမြှင့်

ထို့နောက် တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် တက္ကသိုလ်ကောင်စီ ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်တို့က တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသော သင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီအစည်းအဝေး(၁/၂၀၀၅)ကျင်းပ

ရန်ကုန် မတ် ၅

ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီ အစည်းအဝေး(၁/၂၀၀၅)ကို မတ် ၃ ရက် နံနက် ၁၀ နာရီတွင် တက္ကသိုလ်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ တက္ကသိုလ်ကောင်စီ ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ တက္ကသိုလ်ကောင်စီဝင်များဖြစ်ကြသော ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်ဦးအောင်မြင့်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးလှကြည်၊ စစ်ကိုင်းပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြင့်သိန်း၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးကြီးဇော်မင်းသိန်း၊ ဒုတိယပါမောက္ခချုပ်(စီမံ) ဒုတိယဗိုလ်မှူးကြီးညီညီစံ၊ ဒုတိယပါမောက္ခချုပ် (သင်ကြားရေး) ဒေါ်ခင်စီစီ၊ တက္ကသိုလ်ကောင်စီဝင် ဦးအောင်သိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက်တက္ကသိုလ်၏ လေ့ကျင့်သင်ကြားရေးကိစ္စရပ်များနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပြီး ဆုံးဖြတ်ချက်များ ချမှတ်ကြသည်။

ဆက်လက်၍ တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

တက္ကသိုလ်ပြခန်းကြည့်ရှု

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေး သည် တက္ကသိုလ်ကောင်စီ ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ တက္ကသိုလ်ကောင်စီဝင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်ဦးအောင်မြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် တက္ကသိုလ်ပြခန်းသို့ သွားရောက်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆွမ်းဦးပုညရှင်စေတီတော် ရွှေထီးတော်သစ် တင်လှူပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၅

စစ်ကိုင်းတောင်ရိုး ဆွမ်းဦးပုညရှင်စေတီတော်၌ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်အသစ် တင်လှူပူဇော်ပွဲကို ၁၃၆၆ခုနှစ် တပေါင်းလဆန်း ၁၂ရက် (မတ် ၂၁ရက်) နံနက်ပိုင်းတွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပိုလ်တထောင် ရောင်တော်ဖွင့်အသင်း တရားပွဲများကျင်းပမည်

ရန်ကုန် မတ် ၅

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဗိုလ်တထောင် ရောင်တော်ဖွင့်အသင်း (၅၄)နှစ်ပြည့်၌ ကျင်းပသော ဓမ္မပူဇာ အထူးတရားပွဲတွင် မတ် ၇ရက်(တနင်္လာနေ့)၌ဦးကောဝိဒ (Ph.D)မဇ္ဈိမဂုဏ်ရည် ကျောင်းတိုက်၊ မတ် ၈ရက် (အင်္ဂါနေ့)၌ ဦးကောသလ္လ(M.A.Buddhism) ဓမ္မစေတီ ထေရဝါဒ ကျောင်းတိုက်၊ မတ် ၉ရက်(ဗုဒ္ဓဟူးနေ့)၌ အရှင်ဆေကိန္ဒ(ဓမ္မဒူတ) ဓမ္မဒူတကျောင်းတိုက်၊ မတ် ၁၀ရက် (ကြာသပတေးနေ့)၌ အရှင်ခေမာသီရိလင်္ကာရ (ရွှေပြည်ဟိန်းကျောင်းတိုက်)၊ မတ် ၁၂ ရက်(စနေနေ့)၌ အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)ဆရာတော်များက ညစဉ် ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဗိုလ်တထောင်စေတီတော် တောင်ဘက် တိုးချဲ့ရင်ပြင် ဓမ္မသဘင်၌ ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သာသနာ့ဗိမာန်ဓမ္မာရုံ (၂၁)နှစ်မြောက်အထူးတရားပွဲ

ရန်ကုန် မတ် ၅

ရန်ကင်းမြို့နယ် အမှတ်(၆) ရပ်ကွက် သာသနာ့ဗိမာန်ဓမ္မာရုံကြီး၌ မတ် ၉ရက်တွင် ရွှေလင်းယုန်ဆရာတော် အရဝိန္ဒဘိဝံသ၊ မတ် ၁၀၊ ၁၁ရက်တွင် ဓမ္မစေတီဆရာတော် အရှင်ကောသလ္လ၊ မတ် ၁၂၊ ၁၃ရက်တွင် ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသီရိလင်္ကာရတို့က ညစဉ် ၆နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားများ ဟောကြားမည်ဖြစ်ကြောင်းသိရသည်။

(က-ပ)

လက်ထပ်မင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်လမ်း၊ အမှတ်(၅၂) ဒုတိယထပ်နေ ဦးသိန်းဇံ(ညွှန်ကြားရေးမှူး-ငြိမ်း၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန)- ဒေါ်လှခင်(ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ ကုန်သွယ်ရေးဦးစီးဌာန)တို့၏သား

ဗိုလ်မှူးလှူမွန် B.Sc (Physics)

နှင့်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရေစက်လမ်း၊ အမှတ်(၁၅၇)နေ ဦးအောင်သိန်း(လက်ထောက်အင်ဂျင်နီယာ-ငြိမ်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)- ဒေါ်အောင်ကြည်တို့၏တစ်ဦးတည်းသောသမီး

မသန္တာအောင် M.Sc (Q II) (Maths)

M.I.Sc (Computer Science)

(လက်ထောက်ကထိက၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်)

တို့၏ ၂၇-၂-၂၀၀၅ရက်(တနင်္ဂနွေနေ့)တွင် ယုဇနဂါးဒင်းဟိုတယ်၌ကျင်းပပြုလုပ်သော မင်္ဂလာညစာခံပွဲသို့ ကြွရောက်၍ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားရေးမှူး ဗိုလ်ချုပ်သိန်းထွန်းနှင့်ဇနီး ဒေါ်မြမြဝင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာပိုက်တင်နှင့်ဇနီး ဒေါ်စိန်ယဉ်၊ ကြွရောက်ချီးမြှင့်ကြသော စစ်ဘက်၊ နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများ၊ ရပ်ဝေးရပ်နီးမှ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ကြသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသူများအား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်မှူးလှူမွန်-မသန္တာအောင်။

မတ် ၄ရက်က အမက (၁၄)ရန်ကင်းရှိ ကျောင်းသားများကို အမှတ်(၁၆) ရပ်ကွက်ဥက္ကဋ္ဌ ဦးရီဝင်း မိသားစုက အာဟာရဖွံ့ဖြိုးရေးအစီအစဉ်အရ မုန့်ဟင်းခါးဖြင့် ကျွေးမွေးလှူဒါန်းရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်လှလှမော်နှင့် ဆရာမများက ကြီးကြပ်ကျွေးမွေးစဉ်။ (က-ပ)

Brighter

Summer English

I to IX Stds.

Starts 10 March

9/7, Marga St.

Hlaing Myint Mo

ကုန်သည်/စက်မှုလုပ်ငန်းရှင်များ ပရိဘောဂပြပွဲတက်ရောက်မည်

ရန်ကုန် မတ် ၅

မလေးရှားနိုင်ငံတွင် ကျင်းပသည့် Malaysia Furniture Export Exhibition (MAFEX) 2005 ပြပွဲနှင့် စင်ကာပူနိုင်ငံတွင် ကျင်းပသည့် 22nd ASEAN Furniture Show 2005 ပြပွဲသို့ တက်ရောက်ပြီး ထိုင်းနိုင်ငံသို့ လေ့လာရေးခရီးနှင့် ဈေးကွက်ရှာဖွေရေးများလေ့လာရန်အတွက် မန္တလေးတိုင်း ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း တွဲဖက်အတွင်းရေးမှူး ဦးဘကြည်စိန်းနှင့် အလုပ်အမှုဆောင် ဦးကျော်မင်း(စိန်နှင့်မြမွေ့ယာ) တို့ဦးဆောင်သော ၁၃ဦးပါအဖွဲ့သည် ယနေ့နံနက်က ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သိရသည်။

(သတင်းစဉ်)

လူပျောက်

မချောချောကောင်းစုစံ-သမီး ရောက်ရာအရပ်မှ အမြန်ပြန်လာပါ။ မိသားစုအားလုံးခွင့်လွှတ်သည်။ လက်ခံထားသူအား ဥပဒေအရအရေးယူမည်။

ဖိုးလေး-ဖွားပု
ဦးသိန်းဝင်း-ဒေါ်ဝါဝါမြင့်
ဖုန်း-၅၂၄၆၇၉။

လေဖိအားနည်းရပ်ဝန်းအရှိန်ကြောင့် နေရာကွက်ကျားမှ ကျဲကျဲမိုးရွာနိုင်

ရန်ကုန် မတ် ၅

အိန္ဒိယနိုင်ငံမြောက်ပိုင်းမှ အရှေ့ဘက်သို့ ရွေ့လျားလာသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် မနက်ဖြန်ညနေမှ နောက် ၄၈နာရီအတွင်း ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပြီး အချို့နေရာများတွင် ခေတ္တမျှ လေပြင်းတိုက်ခတ်နိုင်သည်။ လေပြင်းကျစဉ် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာသည်။

လက်ထပ်ပြီးစီးခြင်း

ပြည်မြို့နေ ဦးစလုဖေ(ဦးစီးအရာရှိဆ/မ၊ငြိမ်း)-ဒေါ်အယ်နာဝင်း(တေဇအေမက)တို့၏တစ်ဦးတည်းသောသား

စလှိုင်ဝင်း AGTI (Civil), B.Sc (Maths)

(ဒုဦးစီးမှူး၊ကောင်းခါးရေအားလျှပ်စစ်) နှင့်

ပေါက်ခေါင်းမြို့နေ ဦးဦးသန်း-ဒေါ်စန်းမေ(ဆီစက်)တို့၏သမီးကြီး

မလတ်လတ်မြင့် B.Sc (Maths)

နဝရတ်စတိုး

တို့သည် ၁၈-၂-၂၀၀၅ရက် (သောကြာနေ့)တွင် နှစ်ဖက်သောလူကြီးမိဘများရှေ့မှောက်၌ လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် စလှိုင်ဝင်း-မလတ်လတ်မြင့်။

မင်္ဂလာညစာခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အထက်ဘိုးရာဇာလမ်း၊ ခြံအမှတ်(၃၂/က)နေ ဦးသန်းရှိန်(မြို့နယ်အင်ဂျင်နီယာ၊ ရေသန့်ဌာန၊ မြို့တော်စည်ပင်၊ ငြိမ်း)- ဒေါ်မြသိန်း(စူပါလျှပ်စစ်စတိုးနှင့်သီရိရွှေစင်အလှပြုပြင်ရေး)တို့၏သားဦး

မောင်ရဲမင်းသိန်း B.Sc, (Botany) Q

2nd Mate (F.G) East Wind Shipmanagement Pte., Ltd.

နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံလမ်း၊ အမှတ်(၁၆၂/၁၆၄)နေ (ဦးထွန်းရွှေ-ဒေါ်ခင်စိန်)တို့၏သမီးထွေး ဦးကျော်ဆွေ(စိန်သရဖူရုပ်ရှင်နှင့်ဗီဒီယိုထုတ်လုပ်ရေး)၊ ဦးကိုကို-ဒေါ်တင်တင်ဦး(စိန်ဗီဒီယိုစတိုးနှင့်စိန်ရတနာရွှေဆိုင်)တို့၏ညီမငယ်

မအေးအေးသွင်(ခ)မမော် B.Sc (Physics)

Diamond Crown အထည်ဖြန့်ချိရေး၊ အဆင့်မြင့်မင်္ဂလာဈေး

တို့၏ ၂၉-၁-၂၀၀၅ရက်(စနေနေ့) မြရိပ်ညိုရိုင်ရယ်ဟိုတယ်၌ ကျင်းပပြုလုပ်သောစေ့စပ်မင်္ဂလာညစာခံပွဲတွင် စေ့စပ်မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော ဦးအောင်မြင့်(ညွှန်ကြားရေးမှူး၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန)နှင့်ဇနီးဒေါ်အုန်းမြင့်(လက်ထောက်အင်ဂျင်နီယာ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ငြိမ်း)၊ နှစ်ဖက်မင်္ဂလာစကားပြောကြားပေးသော ဒါရိုက်တာဦးခင်ဇော်(ကေသီပန်ရုပ်ရှင်)နှင့် ဦးသစ်လွင် (လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း၊နိုင်ငံခြားရေးဝန်ကြီးဌာန)၊ ၂၅-၂-၂၀၀၅ရက်(သောကြာနေ့)မင်္ဂလာနေအိမ်၌ပြုလုပ်သော မင်္ဂလာလက်မှတ်ရေးထိုးပွဲ၌ လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ်တရားသူကြီး ဦးမြသိန်း၊ ၅-၃-၂၀၀၅ရက်(စနေနေ့) Sedona Hotel ၌ကျင်းပပြုလုပ်သော မင်္ဂလာညစာခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းပေးသော ဦးမြင့်သိန်းဖေ(ညွှန်ကြားရေးမှူး၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း) နှင့်ဇနီး ဒေါ်ခင်ချိုဝင်း (လက်ထောက်မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်ခွဲ-၂)၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော ဒါရိုက်တာအကယ်ဒမီ မလိခစိုးထိုက်အောင်နှင့်ဇနီး ဒေါက်တာနွယ်မျိုးထွဋ်၊ မင်္ဂလာပန်းကြဲပေးသော မဇာခြည်စိမ့်စိမ့်ဖြူ၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးသော မီးမီး၊ မင်္ဂလာလက်စွပ်ကိုင်ဆောင်ပေးသော မဇင်ဇာမင်း၊ သတို့သားအရန် မောင်ရဲအောင်နှင့် မောင်သူရသိန်းအောင်၊ သတို့သမီးအရန် မလင်းလုလုလှိုင်နှင့် မဇာခြည်သက်မောင်၊ မင်္ဂလာဝတ်စုံ မရတနာနှင့် ခင်စန်းဝင်း၊ မေနီ (ဦးလှမြင့်၊ ရေကြောင်းအရာရှိဝတ်စုံ)၊ မိတ်ကပ်ဆံပင် စိုးစိုး၊ မေတ္တာဖြင့်လက်ဝတ်ရတနာဆင်မြန်းပေးသောဒေါ်တိုးတိုးစိန်(Emperor ရတနာဆိုင်၊ ဗိုလ်ချုပ်ဈေး)၊ Emperor တေးဂီတအဖွဲ့နှင့် မေတ္တာဖြင့် သီဆိုပေးသော ကာကာ၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးသော ဟေမာနေဝင်း၊ မေတ္တာဖြင့် ဗီဒီယိုမှတ်တမ်းတင်ပေးသော ချိုကြည်သာ တေးသံသွင်းနှင့်ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေး၊ ဓာတ်ပုံဖြင့် မှတ်တမ်းတင်ပေးသော ဝဏ္ဏခွာနီး၊ ကိုဦးနှင့် ဦးအောင်သန်းဟိန်း(ဥပဒေ)၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ အနယ်နယ်အရပ်ရပ်မှ မင်္ဂလာလက်ဖွဲ့ပေးပို့သော မိတ်သင်္ဂဟ အပေါင်းတို့အားလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်အောင် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြသူများ အားလည်းကောင်း၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားလည်းကောင်း၊ Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ရဲမင်းသိန်း-မအေးအေးသွင်(ခ)မမော်။

Playstation 2

Royal Game Services

ဂုဏ်ထူးဦးအောင်ခိုင်

အင်္ဂလိပ်သင်္ချာ နှင့် ဓာတုဗေဒ

မတ် ၁၀ - ရက်ဖွင့်မည်

ICEC

Basic Computer Application and office Automation
Desktop Publishing
Computerized Accounting (Accpac Plus 6.0)
Internet & E-mail Technical Supporting
Computer Aided Design (Auto CAD 2003)
Programming and Software Development
Language
(1) English, (2) Japanese
Enroll Now
NCC
International Career Education Centre

နွေ ကလေးပန်းချီသင်တန်း

(မတ်လ ၁၀ ရက် ဖွင့်မည်)

အများသိစေရန်ကြေညာချက်

ကျွန်မ ဒေါ်မြင့်မြင့်ငြိမ်း ၁၂/အစန(နိုင်)၂၃၀၇၄၃ ကိုင်ဆောင်သူနှင့် ဦးပြေငြိမ်း ၁၂/လမန(နိုင်)၀၃၇၉၈၀ ကိုင်ဆောင်သူတို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် ၂၆-၂-၂၀၀၅ရက်တွင် ရွာမအနောက်ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးပါကြောင်းနှင့် ဦးပြေငြိမ်းသည် ရွှေညာထမင်းဆိုင်နှင့် သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်မြင့်မြင့်ငြိမ်း ၁၂/အစန(နိုင်)၂၃၀၇၄၃
အင်းစိန်၊ရွာမအလယ်။

SoftGuide Summer Computer for Kids

ရန်ကုန် လသာ (၅၂) ၁၉ လမ်း ☎ 382180,09-5019864

တမူးမြို့ ပြည်တော်သာလမ်းအပိုင်း(၂)ကတ္တရာလမ်းသစ်ဖွင့်

တမူး ဖေဖော်ဝါရီ ၂၂

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်သော ပြည်တော်သာလမ်း အပိုင်း(၂) ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ကတ္တရာလမ်းသစ်အား ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းဇော်၊ အမှုဆောင်အရာရှိဦးသောင်းညွှန့်နှင့် လမ်းကော်မတီအဖွဲ့ဝင် ဦးမေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အကုန်အကျခံ

အဆိုပါ ပြည်တော်သာလမ်းအပိုင်း(၂)မှာ အရှည် ၄၈၅ ပေ၊ အကျယ်၁၂ ပေရှိပြီး စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၇၈၀၀၀၀နှင့် ပြည်သူများက ထည့်ဝင်ငွေကျပ် ၈၀၀၀၀၀ အကုန်အကျခံ ဆောင်ရွက်ကြသည်။

ဆက်လက်၍ မြို့မဈေးအတွင်း အရှေ့အနောက်၊ တောင်မြောက်လမ်းတို့ကို ကတ္တရာခင်း လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းဇော်၊ အမှုဆောင်အရာရှိ ဦးသောင်းညွှန့်နှင့် ဈေးကော်မတီဥက္ကဋ္ဌ ဦးတင်မောင်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆောင်ရွက်

အဆိုပါ အရှေ့အနောက်လမ်းမှာ အရှည် ၄၇၅ပေ၊ အကျယ်၁၂ပေနှင့် တောင်မြောက်လမ်းမှာ အရှည် ၄၂၅ပေ၊ အကျယ်၁၂ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ထည့်ဝင်ငွေ ကျပ် ၃၀၀၀၀၀၊ ဈေးရန်ပုံငွေအဖွဲ့က ထည့်ဝင်ငွေကျပ် ၅၀၀၀၀၀နှင့် ဈေးသူဈေးသားများက ထည့်ဝင်ငွေကျပ် ၁၁၈၀၀၀၀ဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ကျိုင်းခုံလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်နှင့်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ညောင်ဦးခရိုင် ငါ့သရောက်မြို့ ဖလန်ကန်ကျေးရွာ စာကြည့်တိုက်ဖွင့် အလှူရှင်များက သုတ၊ ရသ စာအုပ်မျိုးစုံပေးအပ်လှူဒါန်း

ညောင်ဦး ဖေဖော်ဝါရီ ၁၅

ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ငါ့သရောက်မြို့ ဖလန်ကန်ကျေးရွာ ကိုယ့်အားကိုယ်ကိုး ဖိုးရာဇာစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၅ရက်က အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်မြလွင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) စခန်းမှူးရဲအုပ်အောင်ပုနှင့် ကျေးရွာဥက္ကဋ္ဌ ဦးဘအုန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (ဝဲပုံ)

အခမ်းအနားတွင် ကျေးရွာဥက္ကဋ္ဌ ဦးဘအုန်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်မြလွင်က ဖိုးရာဇာစာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်မျိုးစုံ ၅၀၀ကျော်ကို မတည်လှူဒါန်းသည့်အပြင် လစဉ် သုတ၊ရသ စာအုပ်မျိုးစုံ ဆက်လက်လှူဒါန်းမည့် ဧကရီမဂ္ဂဇင်းအယ်ဒီတာချုပ် ဦးကြည်ဝင်း(ကာတွန်းကြည်ဝင်း)နှင့် စာပေမိတ်ဆွေများအား ကျေးဇူးတင်စကားပြောကြားပြီး ဒုတိယဦးစီးမှူး ဦးဌေးဝင်းက ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အလှူရှင်များလှူဒါန်းသည့် သုတ၊ရသ စာအုပ်မျိုးစုံ ၅၀၀ကျော်ကို အလှူရှင်များကိုယ်စား ဦးလှမြင့်က ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဦးထွန်းညွှန့်က လက်ခံရယူသည်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက လှူဒါန်းသော သုတ၊ရသစာအုပ်မျိုးစုံ ၅၀ကို ဒုတိယဦးစီးမှူး ဦးဌေးဝင်းက ကျေးရွာဥက္ကဋ္ဌဦးဘအုန်းထံ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

သင့်ဘဝတိုးတက်ရေး စာကြည့်တိုက်(၃)နှစ်ပြည့် အခမ်းအနားကျင်းပ

ကွမ်းခြံကုန်း မတ် ၁

ကွမ်းခြံကုန်းမြို့နယ် ပီလခတ်ကျေးရွာအုပ်စု တော်ကေးကျေးရွာ သင့်ဘဝတိုးတက်ရေး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်(၃)နှစ်ပြည့်အခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက်က အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေးကို ရှင်းလင်း ဆွေးနွေးသည်။

ထိုနေ့ ည၇နာရီတွင် စာကြည့်တိုက် အမှုဆောင်အဖွဲ့ စီစဉ်မှုဖြင့် ဆုပေးပွဲနှင့် စာပေဟောပြောပွဲ ကျင်းပရာ ကဗျာပြိုင်ပွဲ ဆုရသူငါးဦးကို ကျေးရွာဥက္ကဋ္ဌနှင့် အမှုဆောင်များက ဆုများ ပေးအပ် ချီးမြှင့်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသော မြင်းမူမောင်နိုင်မိုး၊ ကြူကြူသင်းနှင့် ချစ်နိုင်(စိတ်ပညာ)တို့က စာပေရေးရာများ ဟောပြောကြကြောင်း သိရသည်။ **(က-ပ)**

ဖေဖော်ဝါရီ ၁၈ ရက်က လက်ပံတန်းမြို့နယ်အပိုင်း ခရိုင်ချင်းဆက်မြေသားလမ်းကို ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေတို့ ကွင်းဆင်းကြည့်ရှု စစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

တောင်သာမြို့နယ်၌ ပညာဥယျာဉ်စာကြည့်တိုက်ဖွင့် ရည်ရွယ်ချက်နှင့်ရေရှည်တည်တံ့ရေး ရှင်းလင်း

တောင်သာ ဖေဖော်ဝါရီ ၁၅

တောင်သာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ပညာဥယျာဉ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၅ရက်က တောင်သာမြို့နယ် ရုံးစည်ကြီးကျေးရွာတွင် ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာထောက်(၃) ဦးအောင်သိန်း၊ ကျေးရွာဥက္ကဋ္ဌဦးဘိုဝင်းနှင့် အရန်မီးသတ်တပ်စုမှူး ဦးဝင်းမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

ပေးအပ်လှူဒါန်း

ထို့နောက် စာထောက်(၃) ဦးအောင်သိန်းက ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် ရေရှည်တည်တံ့ရေး ရှင်းလင်းပြောကြားပြီး စာအုပ်လှူဒါန်းပွဲ ဆက်လက်ကျင်းပရာ ရန်ကုန်မြို့အာရုကမ္ဘာ စာအုပ်ဆိုင်ပိုင်ရှင် ဦးသောင်းငွေက သုတ၊ ရသစာအုပ်မျိုးစုံ ၅၀၀ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြင်းကကုန်းကျေးရွာရွှေနဝေစာကြည့်တိုက်ဖွင့် ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များရှင်းလင်း

ဘိုကလေး ဖေဖော်ဝါရီ ၂၃

ဘိုကလေးမြို့နယ် မြင်းကကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး ရွှေနဝေစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက်က ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးအောင်လင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးခင်စောနှင့် ကျေးရွာဥက္ကဋ္ဌ ဦးစိုးမင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ရှင်းလင်းပြောကြား

အခမ်းအနား၌ မြို့နယ်အတွင်းရေးမှူး ဦးအောင်လင်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခင်စောက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များ ရှင်းလင်း ပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလှူငွေများ လှူဒါန်းကြရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်အေးအေးယုက ငွေကျပ် ၆၀၀၀၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ် ၃၀၀၀၊ ကျေးရွာမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သန်းသန်းဝင်းက ငွေကျပ် ၂၀၀၀၀နှင့် ဒေါ်စန်းရီ(မြကြာဖြူ) စာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ်၃၀၀၀ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပန်းအလှပင်များစိုက်ပျိုး

ဒေါ့ဖုန်းယန် ဖေဖော်ဝါရီ ၁၂

ဒေါ့ဖုန်းယန်မြို့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့နယ်သာယာလှပရေးအတွက် ဖေဖော်ဝါရီ ၂ရက်ကစည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုပေါင်း၍ မြို့တွင်း လမ်းဘေးဝဲယာတစ်လျှောက်တွင်ပန်းအလှပင်များနှင့်အရိပ်ရပင်များ စိုက်ပျိုးခဲ့ရာတာဝန်ခံအင်ဂျင်နီယာဦးနုး ဆောင်ကကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

နိကာယ်သာသနာတော် ထွန်းကားရေး အသင်း၏ အကြိမ် (၃၀) မြောက်စာအောင်သံဃာပူဇော်ပွဲနှင့် စုပေါင်း ငွေပဒေသာပင် ရေစက်ချ မင်္ဂလာအခမ်းအနားကို မတ် ၂ ရက်က ရန်ကင်းမြို့ နယ် ကံ ဘဲ့ ဘူတာရုံလမ်းရှိ

ပဋ္ဌနိကာယ သာသနာ့ ဗိမာန်တော်၌ ကျင်းပရာ ဩဝါဒါစရိယ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရက နိကာယ်ငါးရပ်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သော သံဃာတော်တစ်ပါးအား ဂုဏ်ထူးဆောင်လက်မှတ်နှင့် ထပ်ဆင့်ချီးမြှင့်ငွေ ကျပ်တစ်သိန်း ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဂုဏ်ပြုပူဇော်

နိုင်ငံတော်ပရိယတ္တိတက္ကသိုလ် (ရန်ကုန်)မှသာသနာ့သီလ ဓမ္မာစရိယ (B.A) ဘွဲ့ ရရှိတော်မူသော အရှင်ပညာဇောတအား ဂုဏ်ပြု ချီးကျူးပူဇော်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ရက်က ရမည်းသင်းမြို့နယ် ကျီစုကျေးရွာ၌ကျင်းပစဉ်။(က-ပ)

အမြို့မြို့အနယ်နယ်သတင်းများ

ဖေဖော်ဝါရီ၂၀ရက်က တောင်တွင်းကြီးမြို့ ပညာရောင်ခြည် သီလရှင်စာသင်တိုက် ရေရရှိရေးလုပ်ငန်းအတွက် အင်းစိန်မြို့ ဘိုကုန်းရပ် ဟေမာဂနိုင်ကျောင်းလမ်းနေ ဦးလှ-ဒေါ်ကြည်ကြည်မြင့်၊ ဦးမြသာဒွန်း-ဒေါ်နန်းပုတ်ခမ်း မိသားစုတို့က မတည် လှူဒါန်းငွေကျပ် လေးသိန်းကို ရွှေပြည်သာမြို့ အောင်သော်တာသီလရှင်စာသင်တိုက်မှ အကျိုးတော်ဆောင် တာဝန်ခံဆရာလေး မပညာစာရီထံ ပေးအပ်လှူဒါန်းကြစဉ်။ (က-ပ)

ဟုမ္မလင်းမြို့နယ်တွင် စက်ရေတွင်းဖွင့်လှစ်

ဟုမ္မလင်း ဖေဖော်ဝါရီ ၂၅

(၅၈)နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က၂၀၀၄-၂၀၀၅ခုဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်သော နောင်ဆန်းကျင်ကျေးရွာ နှစ်လက်မစက်ရေတွင်းဖွင့်ပွဲကိုဖေဖော်ဝါရီ၁ရက်ကကျင်းပသည်။

အခမ်းအနားတွင် စက်ရေတွင်းကို ခန္တီးခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်တင်၊ ဟုမ္မလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းနိုင်နှင့် စက်ရေတွင်းဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်ရှိန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါ စက်ရေတွင်း၊ ရေကန်၊ ရေစက်ရုံတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၁၃၅၀၀၀၀ နှင့် နောင်ဆန်းကျင်ကျေးရွာ ပြည်သူများက ငွေကျပ် ၂၂၀၆၀၀ တို့ဖြင့် စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

ပင်းတယမြို့အလကကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်

ပင်းတယ ဖေဖော်ဝါရီ ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့ ကုံလုံကျောင်းတိုက်ဦးစီးပဓာနနာယကဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တတေဇနိယ ဆောက်လုပ်လှူဒါန်းခဲ့သော ပင်းတယမြို့ သဲကုန်းကျေးရွာအခြေခံပညာ အလယ်တန်း ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲကို ဖေဖော်ဝါရီ၁၇ရက် နံနက်၁၀နာရီခွဲက အဆိုပါကျောင်း၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ကျောင်းဆောင်သစ်အား ကုံလုံကျောင်းတိုက်နာယကဆရာတော်ဘဒ္ဒန္တကောဝိဒက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ ဆက်လက်ပြီး ထူးချွန်ကျောင်းသားကျောင်းသူများက အလှူရှင် ကမ္ပည်းကျောက်စာနှင့်မြန်မာ့ပညာရေးမျှော်မှန်းချက် ကျောက်စာတိုင်ကို ရွှေကြိုးဆွဲဖွင့်လှစ်ကြသည်။

ထို့နောက် ကျောင်းနှင့်ပတ်သက်သော စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူး ဒေါ်ခင်စမ်းမြင့်က ပြည်နယ်ပညာရေးမှူးဦးစောထွန်းထံပေးအပ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်

မန္တလေး ဖေဖော်ဝါရီ ၂၇

မန္တလေးတိုင်း မီးသတ်ဦးစီးဌာနနှင့် မန္တလေးတိုင်းမြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းတို့ပူးပေါင်း၍ စက်သုံးဆီအရောင်းဆိုင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စစ်ဆေးခြင်း၊ ပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြလေ့ကျင့်ပွဲကို ဖေဖော်ဝါရီ၁ရက် နံနက်က မဟာအောင်မြေမြို့နယ် ချမ်းမြသာစည်မြောက် စက်သုံးဆီ အရောင်းဆိုင် အမှတ်(၀၆၀၁)တွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးဇော်ဝင်းကဆီသိုလှောင်ကန် ဝန်းကျင်သန့်ရှင်းသာယာရေး၊မီးလောင်လွယ်စေသည့် အမှိုက်သရိုက် ကင်းစင်ရေး၊မီးချိတ်မီးကပ်၊သဲပုံးရေပုံး၊ မီးသတ်ဆေးဘူးထားရှိမှု၊လျှပ်စစ်ဝါယာကြိုးသွယ်တန်းမှု၊ စက်သုံးဆီများရောင်းချမှု၊ ဆိုင်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် အရိပ်ရ နှစ်တိုနှစ်ရှည်သစ်ပင်များ စိုက်ပျိုးထားမှုများကို ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် မန်နေဂျာ ဦးအေးသန်းနှင့် ဝန်ထမ်းများက မီးသတ်ဆေးဘူးများဖြင့်မီးငြိမ်းသတ်နည်းများ လက်တွေ့ သရုပ်ပြ လေ့ကျင့်ဆောင်ရွက်ကြကြောင်းသိရသည်။ **(၁၆၂)**

ကြည့်ရှုစစ်ဆေး

ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့စိမ်းလန်းစိုပြည်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေကို ဖေဖော်ဝါရီ ၂ရက်က တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်အောင် ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဖေဖော်ဝါရီ ၇ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် နောင်ကျောကျေးရွာအုပ်စု ကန်တော်ကလေးကျေးရွာ ရောင်နီဦးကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲကျင်းပရာ တောင်ကြီးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ဝင်း၊ ဆီဆိုင်မြို့နယ်ဥက္ကဋ္ဌဦးယဉ်ထွေး၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးရွှင်မြတ်သူတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဖေဖော်ဝါရီ ၅ရက်က ဘိုကလေးမြို့ အမှတ်(၁) အထက အောင်ဆန်းခန်းမ၌ ၂၀၀၄-၂၀၀၅ခု ပညာသင်နှစ်အတွင်း ပညာရည်ချွန်ဆုနှင်းပွဲနှင့်ဘက်စုံထူးချွန်ဆုပေးပွဲကို ကျင်းပရာ မြို့နယ်အဆင့် ဘက်စုံပထမဆု၊ဘာသာစုံပထမဆု၊ကျောင်းလုပ်ငန်းပထမဆု၊ မြန်မာဘာသာ ပထမဆု၊လူမှုရေး ဘာသာပထမဆုနှင့် ပညာတန်ဆောင် စာစီစာကုံးတွင်ပထမဆုရ စတုတ္ထတန်း(က)မှ မဒေလီချစ်ဆုထွန်းအား မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်အဆောက်အအုံ ထီးချိုင့်၌ဆောက်လုပ်ရန် ပန္နက်ရိုက်

ထီးချိုင့် ဖေဖော်ဝါရီ ၂၀

ကသာခရိုင် ထီးချိုင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးပြီး ထီးချိုင့်မြို့ အမှတ်(၂)ရပ်ကွက် ပန်းရွှေဝါရပ် ကျေးလက်ဒေသဖွံ့ဖြိုးရေးစခန်းနှင့်ရပ်ကွက်စာကြည့်တိုက်အဆောက်အအုံ ဆောက်လုပ်ရန်အတွက် ပန္နက်ရိုက်ဆောင်ရွက်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက်က ပန်းရွှေဝါရပ် အဆောက်အအုံ ဆောက်လုပ်မည့်နေရာတွင် ကျင်းပသည်။

ပန္နက်ရိုက်

ကျေးလက်ဒေသဖွံ့ဖြိုးရေးစခန်းနှင့် ရပ်ကွက်စာကြည့်တိုက်အဆောက်အအုံ ဆောက်လုပ်ရန်အတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးတင်ဝင်းသိန်းနှင့် အမှတ်(၂) ရပ်ကွက်ဥက္ကဋ္ဌ ဦးမြိုင်တို့က ပန္နက်ရိုက် ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကြီးကြပ်ဆောင်ရွက်

ဖေဖော်ဝါရီ ၉ရက်က ကိုယ့်အားကိုယ်ကိုးကွန်ကရစ်တံတား ဆောက်လုပ်မှုကို မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ အင်ဂျင်နီယာ ဦးစတင့်ဝေ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မွေးဖွားခြင်းနှင့် သေဆုံးခြင်းဆိုင်ရာ မှတ်ပုံတင်ရေးကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း၌ ဖော်ပြမည့်အစား ပြည်ထောင်စုဥပဒေပြုစာရင်းတွင်ဖော်ပြရန် အကြံပြုချက်သည် အခြေခံမူနှင့်ကိုက်ညီ၍ ကောင်းမွန်သင့်မြတ်

စက်မှုလုပ်ငန်းများတွင် စက်ပစ္စည်းကိရိယာများသာမက စက်မှုလုပ်သားများ၏အခန်းကဏ္ဍအရေးကြီး လုပ်ငန်းခွင်ဆိုင်ရာဥပဒေများ တစ်ပြေးညီဖြစ်စေရေး ဥပဒေပြဋ္ဌာန်းနိုင်ရန် ပြည်ထောင်စုဥပဒေပြုစာရင်း၌ထည့်သွင်းသင့်

"လူမှုရေးကဏ္ဍ"နှင့် "စီမံခန့်ခွဲရေးကဏ္ဍ" တို့နှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌကိုယ်စား လုပ်ငန်းကော်မတီအဖွဲ့ဝင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန် ဖတ်ကြားတင်ပြစဉ်။
(သတင်းစဉ်)

ရန်ကုန် မတ် ၅

၂၀၀၅ ခုနှစ် မတ် ၃ ရက်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်ရေးနှင့်စပ်လျဉ်း၍ "လူမှုရေးကဏ္ဍ"နှင့် "စီမံခန့်ခွဲရေး ကဏ္ဍ"တို့ကို အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌကိုယ်စား လုပ်ငန်းကော်မတီအဖွဲ့ဝင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်၏ ဖတ်ကြားတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

ရှေးဦးစွာ **"လူမှုရေးကဏ္ဍ"**ကို ဖတ်ကြားတင်ပြရာ၌–

ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ ပြည်ထောင်စုဥပဒေပြုစာရင်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတို့တွင် ဖော်ပြသင့်သည့် လူမှုရေးကဏ္ဍအောက်တွင်ပါရှိရမည့်ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများကို ၂၀၀၄ ခုနှစ် မေလ ၂၀ ရက်တွင်ကျင်းပခဲ့သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းတင်ပြခဲ့ကြောင်း၊ ထိုရှင်းလင်းတင်ပြချက်နှင့်စပ်လျဉ်း၍ ညီလာခံကိုယ်စားလှယ် အစုအဖွဲ့များက အကြံပြုဆွေးနွေးခဲ့ကြပြီး လူမှုရေးကဏ္ဍတွင် ပါရှိသင့်သည့် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ပြည်ထောင်စု ဥပဒေပြုစာရင်းတွင်–

"၁။ ပညာသင်ကြားရေးဆိုင်ရာ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာ၊ သင်ပြနည်းစနစ်၊ သုတေသန၊ စီမံကိန်းစီမံချက်နှင့် စံများ၊
၂။ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သီပွံစသည့် သင်တန်းများနှင့် အဆင့်မြင့်ပညာအခြားအဖွဲ့အစည်းများ၊
၃။ ပြည်ထောင်စုကသတ်မှတ်သည့် စာမေးပွဲများ၊
၄။ ကိုယ်ပိုင်ကျောင်းများနှင့် သင်တန်းများ၊
၅။ အမျိုးသားအားကစား၊
၆။ အမျိုးသားကျန်းမာရေး၊
၇။ တိုင်းရင်းဆေးပညာနှင့် တိုင်းရင်းဆေးဝါးဖွံ့ဖြိုးတိုးတက်ရေး၊
၈။ ကုသိုလ်ဖြစ်ဆေးရုံများနှင့် ဆေးခန်းများ၊ ပုဂ္ဂလိကဆေးရုံများနှင့် ဆေးခန်းများ၊

စာမျက်နှာ ၅ ကော်လံ ၁ ●

ဥပဒေပြုရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းတွင် ပြည်ထောင်စု၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေပြုပိုင်ခွင့်အာဏာကို ပြည်ထောင်စုလွှတ်တော်သို့အပ်နှင်းသည်ဟူ၍ အသေးစိတ်အခြေခံရမည့်မူချမှတ်

ရန်ကုန် မတ် ၅

၂၀၀၅ ခုနှစ် မတ် ၃ ရက်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ကျင်းပသော အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရေးနှင့် စပ်လျဉ်း၍ "တရားစီရင်ရေးကဏ္ဍ"၊ "ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရစီရင်စုဦးစီးအဖွဲ့များ၏ ဥပဒေပြုခွင့်အာဏာ"၊ "ပြည်ထောင်စုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းများတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေပြုအာဏာခွဲဝေအပ်နှင်းရေး"တို့ကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌကိုယ်စား လုပ်ငန်းကော်မတီအဖွဲ့ဝင် တရားရုံးချုပ်တရားသူကြီး ဒေါက်တာတင်အောင်အေး၏ ဖတ်ကြားတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

ရှေးဦးစွာ **"တရားစီရင်ရေးကဏ္ဍ"**ကို ဖတ်ကြားတင်ပြရာ၌ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ ပြည်ထောင်စုဥပဒေပြု စာရင်းတွင် ဖော်ပြသင့်သည့် တရားစီရင်ရေးကဏ္ဍအောက်တွင် ပါရှိရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများကို ၂၀၀၄ ခုနှစ် မေလ ၂၀ ရက်တွင် ကျင်းပခဲ့သော အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းတင်ပြခဲ့ကြောင်း၊ ထိုရှင်းလင်းတင်ပြချက်နှင့်စပ်လျဉ်း၍ ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များက အကြံပြုဆွေးနွေးခဲ့ကြပြီး တရားစီရင်ရေးကဏ္ဍတွင်ပါရှိသင့်သည့် အသေးစိတ် အခြေခံရမည့်မူများအဖြစ် ပြည်ထောင်စုဥပဒေပြုစာရင်းတွင်–

စာမျက်နှာ ၁၁ ကော်လံ ၁ ✡

"တရားစီရင်ရေးကဏ္ဍ"၊ "ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု ဦးစီးအဖွဲ့များ၏ ဥပဒေပြုခွင့် အာဏာ"၊ "ပြည်ထောင်စု တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း ဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းများတွင် ဖော်ပြ မထားသော အခြားကိစ္စရပ်များ နှင့် စပ်လျဉ်း၍ ဥပဒေပြုအာဏာ ခွဲဝေရေး" တို့နှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌကိုယ်စား လုပ်ငန်းကော်မတီအဖွဲ့ဝင် တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေး ဖတ်ကြားတင်ပြစဉ်။
(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

❐ နိုင်ငံ့ဝန်ထမ်းများသည် ပြည်သူများနှင့် တစ်သားတည်းနေထိုင်ပြီး ပြည်သူတို့အား နည်းလမ်းတကျ၊ စည်းကမ်းတကျ စောင့်ရှောက်ကြရန်နှင့် ပြည်သူများ၏ အကျိုးစီးပွားကို မျက်ခြည်မပြတ် ဖော်ဆောင်ကြရမည်။
(ခေါင်းကြီး(စာ–၂))

❐ လူတိုင်းတွင် လူဖြစ်ရကျိုးနပ်အောင် မိမိတို့၏အင်အားကို အစွမ်းကုန် သုံးနိုင်ရန် လိုအပ်ပါသည်။ ထိုသို့ စွမ်းအားထုတ်ယူရာတွင် မိမိ၏ဉာဏ်ပါသော မျက်စိ၊ ဉာဏ်ပါသောနားများကို ဖွင့်ကာဖွင့်ကာ ပညာရှာနိုင်ရပါမည်။ ထိုသို့ဆောင်ရွက်ရာတွင် အားမလွန်စေရန်၊ လျှော့ရင်း တက်မကျိုးစေရန် သတိမြဲမြဲရန် လိုအပ်သည့်အကြောင်း စေတနာကောင်းဖြင့် တင်ပြလိုက်ရပါသည်။
(ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်)၏ ဆောင်းပါး(စာ–၁၀))